မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ နယုန်လဆန်း ၄ ရက်၊ ၂၀၀၉ ခုနှစ်၊ မေ ၂၇ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ (၄၈)၊ အမှတ် (၂၃၄)

စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ရေနီအမှတ်(၂) စက္ကူစက်ရုံ တန် (၅၀) သတင်းစာပျော့ဖတ်နှင့် တန် (၈၀) ထုပ်ပိုးစက္ကူစက်ရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်

အာဆီယံ - ကိုရီးယား ဆွေးနွေးဖက် ဆက်ဆံရေး နှစ်(၂၀)ပြည့်အထိမ်းအမှတ် ထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်မည်

နေပြည်တော် မေ ၂၇

ကိုရီးယားသမ္မတနိုင်ငံ သမ္မတ မစ္စတာ လီမြောင်ဘတ်၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် မကြာမီ ကိုရီးယားသမ္မတနိုင်ငံ ဂျေဂျူးကျွန်း၌ ကျင်းပမည့် အာဆီယံ-ကိုရီးယား ဆွေးနွေးဖက် ဆက်ဆံရေး နှစ်(၂၀)ပြည့်အထိမ်းအမှတ် ထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများအဖြစ်ကျင်းပမည့် နှစ်နိုင်ငံချင်းထိပ်သီးအစည်းအဝေးနှင့် အာဆီယံ-ကိုရီးယား အမှုဆောင်အရာရှိချုပ် အစည်းအဝေးများသို့ တက်ရောက်မည်ဖြစ်သည်။ **(သတင်းစဉ်)**

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

စက်ရုံအလုပ်ရုံများ တိုးချဲ့တည်ဆောက်နိုင်သည်နှင့်အမျှ နယ်မြေဒေသ ဖွံ့ဖြိုးတိုးတက်လာမည် ကုန်ကျစရိတ်နှင့် ဝင်ငွေအချိုး ကိုက်ညီစေရေးနှင့် စက်စွမ်းအားပြည့် လည်ပတ်ရေးဆောင်ရွက် လုပ်သားများ ကျွမ်းကျင်ရေးနှင့် ကုန်ကြမ်းလိုအပ်ချက်များ အမြဲပြည့်စုံရေး စီမံဖော်ဆောင်

ကုန်ကြမ်းများ ဖြည့်ဆည်းပေးနိုင်ရေး စိုက်ခင်းများတွင် သစ်နှင့်ဝါးများ စနစ်တကျစိုက်ပျိုး သတင်းစာစက္ကူပျော့ဖတ်နှင့် ထုပ်ပိုးစက္ကူများထုတ်လုပ်၍ ပြည်ပသွင်းကုန်အစားထိုးနိုင်တော့မည်

နေပြည်တော် မေ ၂၆

အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်း၏ ပဲခူးတိုင်းရေတာရှည်မြို့နယ်ရှိ ရေနီအမှတ်(၂) စက္ကူစက်ရုံအနီး၌ တည်ဆောက်ပြီးစီးသွားသည့် တန်(၅၀)သတင်းစာပျော့ဖတ်နှင့် တန် (၈၀) ထုပ်ပိုးစက္ကူစက်ရုံဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၇ နာရီခွဲတွင် အဆိုပါစက်ရုံ၌ ကျင်းပရာ

စာမျက်နှာ ၈ ကော်လံ ၁ ■

ရေနီအမှတ်(၂) စက္ကူစက်ရုံ တန် (၅၀) သတင်းစာပျော့ဖတ်နှင့် တန် (၈၀) ထုပ်ပိုးစက္ကူစက်ရုံကို တွေ့ရစဉ်။ (သတင်းစဉ်)

မိုးတစ်ကြိမ် နှစ်ကြိမ်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ် နှစ်ကြိမ်ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၉ ခုနှစ် မေ ၂၇ ရက်)

စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ အရည်အသွေးခိုင်မြဲရန်လေ့ကျင့် ထူးချွန်ထက်မြက်သည့် နိုင်ငံ့သားကောင်းဖြစ်ရန်ကြိုးပမ်း

ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်)သင်တန်း အမှတ်စဉ်(၈) သင်တန်းဆင်းပွဲ အခမ်းအနားကို ရန်ကုန်မြို့ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်ရှိ အဆိုပါကောလိပ်၌ မေလ ၂၄ရက်နေ့က ကျင်းပခဲ့သည်။

ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်နှစ်ခုကို နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ နယ်စပ်ဒေသတွင် လိုအပ်နေသည့် လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွန်းလာစေရန်နှင့် ဒေသဖွံ့ဖြိုးရေးကို ဆောင်ရွက်ပေးနိုင်မည့် အဆင့်မြင့်ပညာတတ်ကျွမ်းသော အသိပညာရှင်၊ အတတ်ပညာရှင်များ မွေးထုတ်ပေးနိုင်ရန် ရည်မှန်းချက်များဖြင့် ဖွင့်လှစ်သင်ကြားခဲ့ခြင်းဖြစ်သည်။

တည်ငြိမ်အေးချမ်းလာသည့် နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကို ချမှတ်လျက်ရှိပြီး နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုများကို စနစ်တကျ ဖော်ဆောင်ဖြည့်ဆည်းပေးခဲ့သည်။

နယ်စပ်ဒေသများအပါအဝင် နိုင်ငံနှင့်အဝန်း ငြိမ်းချမ်းသာယာနေသကဲ့သို့ နိုင်ငံ၏စီးပွားရေး၊ လူမှုရေးအခြေခံကောင်းများသည်လည်း တစ်နှစ်ထက်တစ်နှစ် မှန်မှန်တိုးတက်မြင့်မားလာလျက်ရှိပြီး အေးချမ်းသာယာမှု၊ ဖွံ့ဖြိုးတိုးတက်မှုအကျိုးရလဒ်ကောင်းများ ရရှိခံစားနေကြရပြီဖြစ်သည်။

နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ၁၉၈၉ခုနှစ်မှ နိုင်ငံတော်က ငွေကျပ်သန်းပေါင်း ၂၄၀၁၄၂သန်းကျော် အကုန်အကျခံ ဆောင်ရွက်ပေးခဲ့ပြီးဖြစ်သည်။

နယ်စပ်ဒေသများ တစ်ရှိန်ထိုးဖွံ့ဖြိုးတိုးတက်ပြီး ဒေသခံကလေးသူငယ်များအတွက် ပညာရေးအခွင့်အလမ်းများ တိုးပွားဖြစ်ထွန်းလာချိန်တွင် ရရှိဖြစ်ထွန်းနေသည့် ဒေသဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများကို ရေရှည်ထိန်းသိမ်းမြှင့်တင်ပေးနိုင်စွမ်းရှိမည့် အသိပညာရှင်၊ အတတ်ပညာရှင်များ နယ်စပ်ဒေသလူငယ်အတွင်းမှ ဖြစ်ထွန်းလာစေရန် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်နှစ်ခုကို ရန်ကုန်နှင့် မန္တလေးတို့၌ ဖွင့်လှစ်တည်ဆောက်ပေးခဲ့ခြင်းဖြစ်သည်။

၂၀၀၀ ပြည့်နှစ်မှစပြီး ၂၀၀၈ ခုနှစ်အထိ ဒီဂရီကောလိပ်နှစ်ခုက မွေးထုတ်ပေးလိုက်သည့် ဝိဇ္ဇာသိပ္ပံဘွဲ့ရရှိသူ ၇၁၉ ဦး၊ အင်ဂျင်နီယာဒီပလိုမာ ရရှိသူ ၂၇၉ ဦး၊ မဟာဝိဇ္ဇာဘွဲ့ရရှိသူ ၂၀၊ မဟာသိပ္ပံဘွဲ့ ရရှိသူ ၃၇ ဦး၊ ME ဘွဲ့ သုံးဦးနှင့် B.E ဘွဲ့ ၅၉ ဦး၊ B. Tech ဘွဲ့ ၁၂၂ ဦးတို့ ထွက်ပေါ်ခဲ့ပြီးဖြစ်သည်။

သို့ဖြစ်ပေရာ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် သင်တန်းဆင်း ကျောင်းသားများသည် စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာ အရည်အသွေးများကိုခိုင်မြဲရန်၊ ပိုမိုထူးချွန်ရန်၊ ပိုမိုထက်မြက်ရန် ကြိုးစားအားထုတ်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး တည်ဆောက်ရာ၌ အရည်အသွေးပြည့်ဝသည့် နိုင်ငံ့သားကောင်းများဖြစ်ရန် အပတ်တကုတ်ကြိုးပမ်းသွားကြရမည် ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြဝတီရုပ်မြင်သံကြား

၂၇-၅-၂၀၀၉ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၅ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇:၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ အမျိုးသားရေးတေးကဗျာ
၄:၂၅ ၄။ ရှင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၃၀ ၅။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၄:၅၀ ၆။ မျိုးချစ်တပ်မတော်
၅:၀၀ ၇။ ကျန်းမာကြံ့ခိုင်ဒို့နိုင်ငံ
၅:၁၅ ၈။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၅:၂၀ ၉။ မြတ်နိုးကြစေအမျိုးသားအမွေ
၅:၅၀ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၂။ နိုင်ငံတကာသတင်း
၆:၂၀ ၁၃။ အမျိုးသားရေးတေးကဗျာ
၆:၃၀ ၁၄။ လျှပ်တစ်ပြက်
၆:၄၅ ၁၅။ ကာတွန်းအစီအစဉ် **ပြိုင်ကားလေးဇက်ပါ** (အပိုင်း-၁)
၇:၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကြီးမြတ်သူတို့နှလုံးသား** (အပိုင်း-၅၃)
၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ မိုးလေဝသသတင်း
၁၉။ အမျိုးသားရေးတေးကဗျာ
၂၀။ ဖြေလိုက်ပါ
၂၁။ ICT သုတ
၂၂။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **နတ်ဆေးရှင်သိုင်းမောင်နှံ** (အပိုင်း-၉)

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ခင်မောင်မြင့် အလုံမြို့နယ် ကမ်းနားလမ်းရှိ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း အလုံသဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

အလုံသဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံ လျှပ်စစ်(၂)ဝန်ကြီးဗိုလ်ချုပ်ခင်မောင်မြင့် ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၂၆

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ခင်မောင်မြင့်သည် မေ ၂၃ရက်က ရန်ကုန်မြို့ အလုံမြို့နယ် ကမ်းနားလမ်းရှိ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း အလုံသဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံသို့ သွားရောက်ကြည့်ရှု စစ်ဆေးသည်။

မှာကြား

ရှေးဦးစွာ စက်ရုံရှင်းလင်းခန်းမ၌ စက်ရုံမှူး ဒုတိယအင်ဂျင်နီယာချုပ် ဦးဝင်းအောင်က STG မော်နီတာများ အခြေအနေ၊ စက်ရုံ၏ Control System များ အခြေအနေ၊ စက်များ လည်ပတ်မောင်းနှင်နေမှု အခြေအနေ၊ တာဘိုင်များနှင့် ဘွိုင်လာများ အခြေအနေတို့ကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များ မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဝန်ကြီးသည် ဓာတ်အားထိန်းချုပ်မောင်းနှင်နေမှုနှင့် Computer များကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၇-၅-၂၀၀၉ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၅:၀၀ MRTV-4 အဖွင့် Logo၊ ပဋ္ဌာန်းပါဠိတော်+ခန္ဓသုတ် မောရသုတ်၊ ဝဋ္ဋသုတ်
၅:၁၅ MRTV-4 သတင်း
၆:၀၀ **သစ္စာမသိလို့ သံသရာရှည်တာ** တရားတော် (ဆရာတော်ဘဒ္ဒန္တသောဘန)
၇:၀၀ MRTV-4 သတင်း
၇:၄၅ MRTV-4 ကာတွန်းအစီအစဉ်
၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ရှင်သန်လာသောနှလုံးသား** (အပိုင်း-၁၃)
၈:၃၀ Industrial Talk
၉:၀၀ စေတနာအပေါင်းခညောင်းဝေဆာ စားသောက်ဖွယ်ရာကမ္ဘာ
၉:၂၅ ယုဇနဘက်စုံစိုက်ပျိုးရေးစီမံကိန်း စက်မှုကုန်ကြမ်းသီးနှံစိုက်ပျိုးရေး (ပီလောပီနံ)
၉:၃၅ တေးဂီတအစီအစဉ်
၉:၅၀ အရှိန်အဝါတောက်ပ မီးချောင်းရဲ့ သဘာဝ
၁၀:၀၅ ကြည်နူးစရာလက်ဆောင်အဖြာဖြာ (Bravo)
၁၀:၂၀ သီချင်းကောင်းကောင်း သီချင်းတောင်း
၁၀:၄၅ စားဖွယ်စုံလင်ဒေသအစားအစာ အစီအစဉ်(ရှမ်းရိုးရာအစားအစာ)
၁၁:၀၅ ဗီဒီယိုပြခန်း
၁၁:၃၀ MRTV-4 ကျန်းမာရေးကဏ္ဍ (မိုးရာသီတွင်ဖြစ်ပွားတတ်သော တုပ်ကွေးရောဂါ)
၁၁:၅၀ စမ်းသပ်စိုက်ပျိုးဝင်ငွေတိုး (ချင်းစိုက်ပျိုးနည်း)
၁၂:၀၀ ရတနာစစ်တို့ရဲ့ ဘူမိနက်သန်
၁၂:၂၅ Activities in the City (ယဉ်ကျေးလိမ္မာကလေးတရားစခန်း)
၁၂:၄၅ သာသနာရောင်လွှမ်း… အေးချမ်းပါသည်… မြို့စဉ့်ကူး၌ဒ္ဒနီ
၁:၀၀ **သစ္စာမသိလို့ သံသရာရှည်တာ** တရားတော် (ဆရာတော်ဘဒ္ဒန္တသောဘန)
၂:၀၀ MRTV-4 သတင်း
၂:၄၅ နေချင်စဖွယ်အိမ်အလှဆင်ကြမယ်
၃:၀၀ စဉ်ဆက်မပြတ်ထိန်းသိမ်းစရာ မြန်မာ့ရိုးရာဂီတပညာ
၃:၁၅ ဓာတ်ပုံထဲမှအမှတ်တရများ (စင်ဒီ၊ ကြိုးကြာ)
၃:၃၀ နယည်ဆန်းထွင်ပန်းအလှဆင် [တြိဂံပုံပန်းအိုးထိုးနည်း (ပန်းအိုးအကြီး)]
၃:၅၅ နာတာရှည်ကျောက်ကပ်ရောဂါနှင့် သွေးတိုးရောဂါ (ဒေါက်တာစောနောင်)
၄:၁၅ တေးဂီတအစီအစဉ်
၄:၃၀ ပခုက္ကူခရိုင် ရေစကြိုမြို့နယ်မှ စပါးခင်းများအောင်မြင်ဖြစ်ထွန်းစေသည့် ချစ်သူလျှပ်စစ်မြစ်ရေတင်လုပ်ငန်း
၄:၄၀ ထန်းပင်မှဖြစ်သည့် အနုပညာ (ထန်းပန်းချီ)
၄:၅၀ ယုဇနဘက်စုံစိုက်ပျိုးရေးစီမံကိန်း စက်မှုကုန်ကြမ်းသီးနှံစိုက်ပျိုးရေး (ပီလောပီနံ)
၅:၀၀ ကြည်နူးစရာလက်ဆောင်အဖြာဖြာ (Bravo)
၅:၂၀ စားဖွယ်စုံလင်ဒေသအစားအစာ အစီအစဉ်(ရှမ်းရိုးရာအစားအစာ)
၅:၃၅ Sports World (Champions League Goals)
၆:၀၀ MRTV-4 သတင်း
၆:၁၅ သီချင်းကောင်းကောင်း သီချင်းတောင်း
၆:၄၀ နေချင်စဖွယ်အိမ်အလှဆင်ကြမယ်
၇:၀၀ Worlds of Knowledge (Jungle Underworld)
၇:၄၅ ဓာတ်ပုံထဲမှအမှတ်တရများ (စင်ဒီ၊ ကြိုးကြာ)
၈:၀၀ MRTV-4 သတင်း
၈:၁၅ သာသနာရောင်လွှမ်း… အေးချမ်းပါသည်… မြို့စဉ့်ကူး၌ဒ္ဒနီ
၈:၃၀ ဗီဒီယိုပြခန်း
၈:၅၅ စမ်းသပ်စိုက်ပျိုးဝင်ငွေတိုး (ချင်းစိုက်ပျိုးနည်း)
၉:၀၅ Sports World (Champion League Goals)
၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ရှင်သန်လာသောနှလုံးသား** (အပိုင်း-၁၃)
၁၀:၀၀ ကဏ္ဍစုံလင်အားကစားအစီအစဉ်
၁၁:၄၅ Industrial Talk
၁၂:၁၅ စဉ်ဆက်မပြတ်ထိန်းသိမ်းစရာ မြန်မာ့ရိုးရာဂီတပညာ
၁၂:၃၀ နယည်ဆန်းထွင်ပန်းအလှဆင် [တြိဂံပုံပန်းအိုးထိုးနည်း (ပန်းအိုးအကြီး)]
၁:၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Champions League Final ဘောလုံးပွဲစဉ်

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၁၂:၃၀	Barcelona-Man U	ESPN (Live)

ဆိပ်ဖြူ အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း အခြေခံနှင့် အဆင့်မြင့်စက်ချုပ်သင်တန်းဖွင့်

ဆိပ်ဖြူ မေ ၂၆

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၊ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ဆိပ်ဖြူမြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းတွင် မေ ၁၁ရက်က အခြေခံစက်ချုပ်သင်တန်း အမှတ်စဉ်(၇) သင်တန်းဖွင့်ပွဲကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်နိုင်က အဖွင့်အမှာစကားပြောကြားပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ထွေးရီက သင်တန်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

သင်တန်းဖွင့်ပွဲသို့ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ တက်ရောက်ကြပြီး အဆင့်မြင့်စက်ချုပ်သင်တန်းသူ ၁၂ဦးနှင့် အခြေခံစက်ချုပ် သင်တန်းသူ ၆၃ ဦးတက်ရောက်ပြီး သင်တန်းကာလမှာ ရက်သတ္တ ၁၄ပတ် ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုး မုံရွာမြို့ မြို့တော်ခန်းမ၌ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မုံရွာမြို့ပေါ်ရှိ ရပ်ကွက် ၂၅ရပ်ကွက်တို့မှ ဒေသခံပြည်သူများအား အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ကို ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်အောင် အရှိန်အဟုန်ဖြင့် ကြိုးပမ်းတည်ဆောက်လျက်ရှိ တိုးတက်အောင်မြင်နေမှုများကို ဒေသခံပြည်သူများ မျက်မြင်တွေ့ရှိခံစားနေကြရပြီ

ပစ္စုပ္ပန်ကာလအတွင်း တိုင်းပြည်အေးချမ်းတည်ငြိမ်မှုနှင့် ဖွံ့ဖြိုးတိုးတက်နေမှုများကို လေ့လာ ဖွံ့ဖြိုးတိုးတက်မှုများ အရှိန်အဟုန်မပျက် ဆက်လက်ရရှိရေးဆောင်ရွက်ကြရန် အထူးအရေးကြီး

နေပြည်တော် မေ ၂၆

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုးနှင့် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းတို့သည် မေ ၂၅ရက် နံနက်စောစောတွင် မုံရွာမြို့ မြို့တော်ခန်းမ၌ ဒေသခံ ပြည်သူများနှင့်တွေ့ဆုံပွဲသို့ တက်ရောက်ကြသည်။

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း မုံရွာမြို့ ရွှေဝါရောင်လမ်း ကတ္တရာလမ်းခင်းရန်အတွက် မတည်ငွေများကို ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

တက်ရောက်

အဆိုပါအခမ်းအနားသို့ ခရိုင်နှင့်မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မုံရွာမြို့ပေါ်ရှိ ရုံးကြီးရပ်ကွက်၊ ဘုရားကြီးရပ်ကွက်၊ အလယ်ရပ်၊ ဆူးလေကုန်း၊ ဒေါနခြံ၊ ချမ်းမြသာစည်၊ လယ်တီ၊ ရတနာပုံ၊ ဘုန်းစိုး၊ အောင်မင်္ဂလာ၊ အေးသာယာ၊ ရန်ကင်း၊ မြဝတီ၊ သလ္လာ၊ ထန်းတော၊ ကွေ့ကြီး၊ အောင်ချမ်းသာ၊ မုံရွာတောင်၊ နတ်လူထိပွန်၊ နန္ဒဝန်၊ မြို့သစ်၊ အိုးဘိုတောင်၊ အလုံး၊ စစ်ပင်၊ စက်မှုဇုန်စသည့် ရပ်ကွက် ၂၅ရပ်ကွက်တို့မှ ဒေသခံပြည်သူ ၂၃၀၀ကျော် တက်ရောက်ကြသည်။

ရှေးဦးစွာ မုံရွာမြို့ပေါ်ရှိ ရပ်ကွက်ပြည်သူများကိုယ်စား တာဝန်ရှိသူများက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများနှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြရာ တိုင်းမှူးနှင့်ဝန်ကြီးတို့က တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးကြပြီး အမှာစကားပြောကြားသည်။

ဝိုင်းဝန်းထိန်းသိမ်း

တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုးက အမှာစကားပြောကြားရာတွင် နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်ကို ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်အောင် အရှိန်အဟုန်ဖြင့် ကြိုးပမ်းတည်ဆောက်လျက်ရှိကြောင်း၊ ထို့အတူ မိမိတို့ စစ်ကိုင်းတိုင်းအတွင်း တိုးတက်အောင်မြင်နေမှုများကို ဒေသခံပြည်သူများ မျက်မြင်တွေ့ရှိခံစားနေကြရပြီဖြစ်ကြောင်း၊ အဆိုပါဖွံ့ဖြိုးတိုးတက်မှုများ အရှိန်အဟုန်မပျက် ဆက်လက်တည်တံ့အောင်မြင်အောင် ဒေသခံပြည်သူများအားလုံးက အပြုသဘောဆောင်သော အကောင်းမြင်စိတ်ထားများဖြင့် စည်းလုံးညီညွတ်စွာ ဝိုင်းဝန်းထိန်းသိမ်း ပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူတစ်ရပ်လုံး၏ ထက်သန်သည့် လိုလားချက်ဖြစ်သော တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ ဥပဒေ၏အရိပ်အောက်တွင် လွတ်လပ်စွာနေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးဟူသည့် အခြေခံအချက် (၃)ချက်ကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပြည်သူများအနေဖြင့် ဖွံ့ဖြိုးတိုးတက်မှု၊ တည်ငြိမ်အေးချမ်းမှု အသီးအပွင့်များကို လက်တွေ့သိရှိခံစားနေရသည့်အားလျော်စွာ ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန် ရပ်တန့်ပျက်စီးမသွားစေရေး အထူးသတိပြု ထိန်းသိမ်းကာကွယ်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

အထူးအရေးကြီး

အထူးသဖြင့် ၁၉၄၈ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ အတိတ်သမိုင်းများကို မှန်မှန်ကန်ကန် ပြန်လည်သုံးသပ်လျက် ၁၉၈၈ ခုနှစ်မှ ယနေ့အထိ ပစ္စုပ္ပန်ကာလအတွင်း တိုင်းပြည်တည်ငြိမ်အေးချမ်းမှုနှင့် တစ်မျိုးသားလုံး ဖွံ့ဖြိုးတိုးတက်နေမှု အခြေအနေများကိုလေ့လာပြီး အနာဂတ်တွင် ပစ္စုပ္ပန်ကာလကဲ့သို့ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများ အရှိန်အဟုန်မပျက် ဆက်လက်ရရှိရေးအတွက် အာမခံနိုင်သည့်အခြေအနေမျိုးရရှိအောင် စဉ်းစားဆင်ခြင်ဆောင်ရွက်သွားကြရန် အထူးအရေးကြီးကြောင်းတို့ကို အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

လက်ခံ

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုးက မုံရွာမြို့ပေါ်ရှိ ကျောင်းများအတွက် ကျောင်းသုံး ဖတ်စာအုပ်များနှင့် ကျောင်းသုံး ဗလာစာအုပ်များကိုလည်းကောင်း၊ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အခက်အခဲရှိသော ကျောင်းသား ကျောင်းသူများအတွက် ကျောင်းဝတ်စုံ ထောက်ပံ့ငွေကျပ် ၁၅သိန်း၊ မုံရွာမြို့ ရွှေဝါရောင်လမ်း ကတ္တရာလမ်းခင်းရန်အတွက် မတည်ငွေကျပ် ၁၀ သိန်း၊ မုံရွာအမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ဆရာကန်တော့ပွဲအတွက် ငွေကျပ် ငါးသိန်းနှင့် မုံရွာမြို့ပေါ် ကျောင်းများအတွက် ကျောင်းသုံး ဖတ်စာအုပ်နှင့် ကျောင်းသုံး ဗလာစာအုပ်များကိုလည်းကောင်း လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံကြသည်။

လိုက်လံနှုတ်ဆက်

တွေ့ဆုံလှူဒါန်းပွဲအပြီးတွင် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် မုံရွာမြို့ပေါ် ရပ်ကွက်အသီးသီးမှ တက်ရောက်လာကြသော ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

(သတင်းစဉ်)

ပေးအပ်လှူဒါန်း

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုး မုံရွာမြို့ပေါ်ရှိ ကျောင်းများအတွက် ကျောင်းသုံး ဖတ်စာအုပ်များနှင့် ကျောင်းသုံးဗလာစာအုပ်များကို ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ရန်ကုန်-ပုသိမ်လမ်း ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၂၆

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် မေ ၂၄ရက်တွင် ရန်ကုန်-ပုသိမ်လမ်း တာကွေ့လမ်းစခန်းသို့ ရောက်ရှိရာ အေးရှားဝေါလ်ကုမ္ပဏီမှ စီမံကိန်းမန်နေဂျာ ဦးတင်ကိုကိုက လမ်း၊ တံတား လုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေတို့ကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးက သတ်မှတ်စံချိန်စံညွှန်းပြည့်မီအောင် ဆောင်ရွက်ရန်မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးသည် ရန်ကုန်-ပုသိမ်လမ်းတစ်လျှောက် လမ်း၊ တံတား ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီး ဦးဉာဏ်ဝင်း အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီးထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် မေ ၂၇

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဉာဏ်ဝင်းထံမှ အိန္ဒိယသမ္မတနိုင်ငံ၏ ပြည်ပရေးရာဝန်ကြီးအဖြစ် ခန့်အပ်ခြင်းခံရသော မစ္စတာဆိုမာနာ ဟာလီမာလိုင်အာ ခရစ်ရှနာ ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။

(သတင်းစဉ်)

ဥနဲ့ငါးကို ပွားစေလို ငါးရစ်ဆို မဖမ်းနဲ့

27-5 (03).pmd 1 5/27/2009, 2:44 AM

နိုင်ငံတကာအာကာသစခန်းရှိ ဟူဘယ်လ်အဝေးကြည့်မှန်ပြောင်းအားပြုပြင်ရန် ၁၃ရက်ကြာ သွားရောက်ခဲ့သည့် အတ္တလန္တိတ်လွန်းပြန်ယာဉ် မေ ၂၄ရက်က အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်ရှိ လေတပ်အခြေစိုက်စခန်းသို့ ပြန်လည်ဆင်းသက်လာသည်ကို တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ရှန်ဟိုင်းကမ္ဘာ့ကုန်စည်ပြပွဲ၌ တောင်ကိုရီးယားပြခန်းနှစ်ခန်း ပါဝင်ပြသမည်

ရှန်ဟိုင်း မေ ၂၆

တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့တွင် ကျင်းပမည့် (၂၀၁၀) ရှန်ဟိုင်းကမ္ဘာ့ကုန်စည်ပြပွဲ၌ တောင်ကိုရီးယားနိုင်ငံမှ ပြခန်းနှစ်ခန်းပါဝင်ပြသရန် ပြခန်းစတင်တည်ဆောက်ခြင်းအခမ်းအနားကို မေ ၂၅ရက်က ကျင်းပသည်။

သီးခြားစီပြသ

(၂၀၁၀) ရှန်ဟိုင်းကမ္ဘာ့ကုန်စည်ပြပွဲ၌ ပါဝင်ပြသရာတွင် တောင်ကိုရီးယားကုမ္ပဏီများအတွက် တစ်ခန်းနှင့် တောင်ကိုရီးယားအမျိုးသားပြခန်းအဖြစ် သီးခြားစီပြသသွားမည်ဖြစ်ကြောင်း တောင်ကိုရီးယားစီးပွားရေး အသိပညာပေးရေးဝန်ကြီးဌာနဝန်ကြီး လီယွန်ဟိုက ယင်းအခမ်းအနား၌ ပြောကြားသည်။

ထပ်လောင်းပြောကြား

၎င်းပြပွဲကြီးမှ နှစ်နိုင်ငံအနေဖြင့် စီးပွားရေးနှင့်ယဉ်ကျေးမှုလုပ်ငန်းများကို အမြင်ချင်းဖလှယ်မှု တိုးချဲ့လုပ်ဆောင်နိုင်မှာဖြစ်သည့်အပြင် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုမှာလည်း ပိုမိုနက်ရှိုင်းလာမည်ဖြစ်ကြောင်း လီက ထပ်လောင်းပြောကြားသည်။ ရှန်ဟိုင်းကမ္ဘာ့ကုန်စည်ပြပွဲကို ၂၀၁၀ပြည့်နှစ် မေ ၁ရက်မှ အောက်တိုဘာ ၃၁ရက်အထိ ကျင်းပမည်ဖြစ်၍ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် နိုင်ငံပေါင်း ၂၀၀ကျော်မှ ပါဝင်ပြသကြမည်ဖြစ်သည်။ **(အင်တာနက်)**

A(H1N1) တုပ်ကွေးရောဂါဖြစ်သူ ဖိလစ်ပိုင်နိုင်ငံ၌ နှစ်ဦးရှိပြီ

မနီလာ မေ ၂၆

ဖိလစ်ပိုင်နိုင်ငံတွင် ဒုတိယမြောက် A(H1N1) တုပ်ကွေးရောဂါဖြစ်သူ စမ်းသပ်တွေ့ရှိရကြောင်း ကျန်းမာရေးအရာရှိများက မေ ၂၄ ရက်က ကြေညာသည်။

ပြောကြား

A(H1N1) တုပ်ကွေးရောဂါဖြစ်သူမှာ အမေရိကန်နိုင်ငံ ချီကာဂိုမှ မကြာသေးမီက ပြန်ရောက်လာသည့် အသက် (၅၀)အရွယ် အမျိုးသမီးတစ်ဦးဖြစ်ကြောင်း တာဝန်ရှိသူ ဒေါက်တာ အိုဗေဒါက ဆင်ဟွာသို့ ပြောကြားသည်။

ဖိလစ်ပိုင်နိုင်ငံ၌ (၁၀)နှစ် အရွယ် မိန်းကလေးတစ်ဦး A(H1N1) တုပ်ကွေးရောဂါဖြစ်ပွားကြောင်း ပြီးခဲ့သည့် မေ ၂၂ ရက်က ထုတ်ဖော်ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အရှေ့အလယ်ပိုင်းငြိမ်းချမ်းရေး ရုရှား၏အစီအစဉ် ရှင်းလင်းတင်ပြ

ဒမတ်စကက် မေ ၂၆

အရှေ့အလယ်ပိုင်းဆိုင်ရာ နိုင်ငံတကာညီလာခံကျင်းပရေး ရုရှားအစိုးရ၏ အစီအစဉ်ကို ဆီးရီးယားသမ္မတအယ်အာဆတ်နှင့် ဒမတ်စကက်၌ တွေ့ဆုံသည့် ရုရှားနိုင်ငံခြားရေးဝန်ကြီး လက်ရော့ဗ်တို့ မေ ၂၄ရက်က ဆွေးနွေးကြသည်။

ရှင်းလင်းတင်ပြ

အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေးလုပ်ငန်း တိုးတက်ရေးအတွက် ယင်းသို့နိုင်ငံတကာညီလာခံကျင်းပရေးကို ရုရှားအစိုးရက စီစဉ်ခြင်းဖြစ်သည်ဟု ရုရှားနိုင်ငံခြားရေးဝန်ကြီးက ရှင်းလင်းတင်ပြသည်။

တုံ့ပြန်ပြောကြား

ယင်းကိစ္စအတွက် ကောင်းမွန်စွာပြင်ဆင်ရမည်ဟု ဆီးရီးယားသမ္မတ အာဆတ်က တုံ့ပြန်ပြောကြားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

အိန္ဒိယနိုင်ငံအရှေ့ပိုင်း ကိုလ်ကတ္တားမြို့၌ မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းမုန်တိုင်းတိုက်ခတ်မှုကြောင့် သစ်ပင်များ ပြိုလဲပျက်စီးနေသည်ကို မေ ၂၅ရက်က တွေ့ရစဉ်။ **(အင်တာနက်ဓာတ်ပုံ)**

တရုတ်နိုင်ငံအနောက်တောင်ပိုင်းရှိ ကွမ်စီကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ မသန်စွမ်းသူများ အနုပညာဖျော်ဖြေပွဲ ဇာတ်တိုက်လေ့ကျင့်မှုကို မေ ၂၅ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

အိုင်လာမုန်တိုင်း အိန္ဒိယနှင့်ဘင်္ဂလားဒေ့ရှ် ဖြတ်ကျော်တိုက်ခတ် အပျက်အစီးများရှိပြီး ၁၁၅ဦး သေဆုံးခဲ့ကြရ

ကိုလ်ကတ္တား မေ ၂၆

ဆိုင်ကလုန်းမုန်တိုင်း(အိုင်လာ)သည် မေ ၂၅ရက်က တဖြည်းဖြည်း အားမပျော့မီတွင် အိန္ဒိယနိုင်ငံအရှေ့ပိုင်း အနောက်ဘင်္ဂလားပြည်နယ်အတွင်း တိုက်ခတ်ဝင်ရောက်မှုကြောင့် ၃၄ဦး သေဆုံးပြီး မုန်တိုင်းဖြတ်ရာ လမ်းတစ်လျှောက် အပျက်အစီးများစွာဖြစ်ခဲ့ကြောင်း ပီတီအိုင် သတင်းတွင် ဖော်ပြပါရှိသည်။

အင်အားပျော့သွား

ဆိုင်ကလုန်းမုန်တိုင်း(အိုင်လာ)သည် မြောက်ဘက်သို့ ရွေ့လျားကာ တဖြည်းဖြည်း အင်အားပျော့သွားသည်ဟု ဒေသဆိုင်ရာ မိုးလေဝသဌာန ညွှန်ကြားရေးမှူး ဂိုခ်စီဒီနတ်က ပြောကြားသည်။

ဒါကာမှ သတင်းတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကမ်းခြေဒေသကို မေ ၂၅ ရက်က ဖြတ်သန်းတိုက်ခတ်သွားသော အိုင်လာဆိုင်ကလုန်းမုန်တိုင်းကြောင့် ယခုအချိန်အထိ သေဆုံးသူ ၈၁ ဦးရှိသည်ဟု ဒေသခံတာဝန်ရှိသူများက မေ ၂၆ရက်တွင် ပြောကြားသည်။

အမ်အင်န်အေ၊ ပီတီအိုင်

A(H1N1) တုပ်ကွေးရောဂါဖြစ်သူ ဥရောပ၌ ၃၆၀ ဦးအထိ ရှိသွားပြီ

စတော့ဟုမ်း မေ ၂၆

ဥရောပနိုင်ငံများ၌ လွန်ခဲ့သည့် ၂၄နာရီအတွင်း **A(H1N1)** တုပ်ကွေးရောဂါ ကူးစက်ဖြစ်ပွားသူပေါင်း ၁၁ဦး ထပ်မံ တွေ့ရှိရသည်ဟု ဥရောပ ကျန်းမာရေးဌာနက မေ ၂၅ရက်တွင် ကြေညာသည်။

ထပ်မံတွေ့ရှိ

ထပ်မံ တွေ့ရှိရသည့် **A(H1N1)** တုပ်ကွေးရောဂါသည်များအနက် ဗြိတိန်မှ လေးဦး၊ စပိန်မှသုံးဦး၊ ပြင်သစ်မှသုံးဦး၊ ချက်သမ္မတနိုင်ငံမှ တစ်ဦးတို့ ဖြစ်သည်။

ယခုအခါ ဥရောပသမဂ္ဂ(အီးယူ)နှင့် ဥရောပ လွတ်လပ်စွာ ကုန်သွယ်ရေးအသင်းဝင် နိုင်ငံများတွင် **A(H1N1)** တုပ်ကွေးဖြစ်သူပေါင်း ၃၆၀အထိရှိသွားပြီဖြစ်သည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

တုပ်ကွေးရောဂါ ကာကွယ်ရေး ဆေးလိပ်သောက်ခြင်း ရှောင်ကြဉ်သင့်

ဟောင်ကောင် မေ ၂၆

မကြာသေးမီကစတင်ကာ ကမ္ဘာတစ်ဝန်းတွင် **A(H1N1)** တုပ်ကွေးရောဂါ ကူးစက် ဖြစ်ပွားလာမှုကို အကြောင်းပြု၍ တုပ်ကွေးရောဂါ အကောင်းဆုံး ကြိုတင်ကာကွယ်ရေး အစီအစဉ်တစ်ရပ်အဖြစ် ဆေးလိပ်သောက်သူများ ဆေးလိပ်ဖြတ်ကြရန် ဟောင်ကောင် ကျန်းမာရေးဌာနမှ ပြောရေးဆိုခွင့်ရှိသူက မေ ၂၅ရက်တွင် တိုက်တွန်းလိုက်သည်။

သုတေသနပြု

ဆေးလိပ်မသောက်သူများနှင့် နှိုင်းစာလျှင် ဆေးလိပ်သောက်သူများအနေဖြင့် တုပ်ကွေးရောဂါကူးစက်မှု ပိုမိုများပြားကြောင်း သုတေသနပြုတွေ့ရှိရသည်ဟု ပြောရေးဆိုခွင့်ရှိသူက ပြောဆိုသည်။ အလားတူပင် တုပ်ကွေးရောဂါဖြစ်လျှင်လည်း ဆေးလိပ်မသောက်သူများထက် ဆေးလိပ်သောက်သူများက အသေအပျောက် ပိုများသည်ဆို၏။

တစ်ကိုယ်ရေ

ကျန်းမာသောလူနေမှုစနစ်ကို လက်ခံခြင်းနှင့် တစ်ဦးချင်းကောင်းမွန်သော တစ်ကိုယ်ရေသန့်ရှင်းရေး အစဉ်အလာကို ထိန်းသိမ်းခြင်းသည်လည်း တုပ်ကွေးရောဂါကို ကာကွယ်ရန် ထိရောက်သော နည်းလမ်းများပင်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ဆေးလိပ်ဆိုးကျိုး

ဟောင်ကောင်ကျန်းမာရေးဌာန (ဒီအိပ်ချ်)သည် မေ ၂၇ရက် (ယနေ့)မှစတင်ကာ ဆေးလိပ်သောက်ခြင်း၏ဆိုးကျိုးများကို ပြည်သူများအကြား ကျယ်ကျယ်ပြန့်ပြန့်သိရှိလာစေရန် ခရိုင်များကိုလှည့်လည်ကာ ဆေးလိပ်မသောက်သုံးကြရေး ပညာပေးဆောင်ရွက်မှုကို လုပ်ဆောင်ကြမည်ဖြစ်ကြောင်း ယင်းသတင်း၌ ဖော်ပြသည်။ အမ်အင်န်အေ၊ဆင်ဟွာ

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၌ ကားဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် အပျက်အစီးများကို မေ၂၅ရက်က တွေ့ရစဉ်။ (ယင်းပေါက်ကွဲမှုကြောင့် ၂၆ဦးသေဆုံးရာ အမေရိကန်တပ်ဖွဲ့ဝင် သုံးဦးပါဝင်သည်။) **(အင်တာနက်ဓာတ်ပုံ)**

ပီရူး-ဂျပန် ကုန်သွယ်ရေး စတင်စေ့စပ်ဆွေးနွေး

လီမာ မေ ၂၆

ပီရူးနိုင်ငံနှင့် ဂျပန်နိုင်ငံတို့၏ လွတ်လပ်စွာကုန်သွယ်ရေး သဘောတူစာချုပ် (အက်ဖ်တီအေ)များ ချုပ်ဆိုရေး ပထမအကြိမ် စေ့စပ်ဆွေးနွေးပွဲကို လီမာမြို့၌ တနင်္လာနေ့က ပြုလုပ်ကြောင်း ပီရူး နိုင်ငံခြား ကုန်သွယ်ရေးနှင့် ခရီးသွားလုပ်ငန်းဝန်ကြီး မာခီဒက်စ်က ပြောကြားသည်။

ခြောက်ရက်ကြာ စေ့စပ်ဆွေးနွေးပွဲတွင် ဈေးကွက်ဝင်ရောက်ရေး၊ ဘဏ္ဍာရေးဝန်ဆောင်မှု၊ ကြေးနန်းဆက်သွယ်ရေး၊ မူပိုင်ခွင့်အပါအဝင် အကြောင်းအရာ ၁၃ခုကို အဓိက ဆွေးနွေးကြမည်ဖြစ်ကြောင်း ဆင်ဟွာသတင်း၌ ဖော်ပြပါရှိသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေး အောင်လံမြို့နယ် ပျဉ်ပင်လှကျေးရွာအနီး ဒုရင်ဗိုလ် လျှပ်စစ်မြစ်ရေတင်လုပ်ငန်းကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဒေါင်းနေချောင်းတံတား သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ တည်ဆောက် ဒေသနှင့်ကိုက်ညီပြီး ဈေးကွက်ရသည့် သီးနှံများ ရွေးချယ်စိုက်ပျိုး

နေပြည်တော် မေ ၂၆

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေနှင့် တာဝန်ရှိသူများ လိုက်ပါလျက် မေ ၂၄ရက် နံနက် ၇နာရီခွဲတွင် ညောင်ဦးမြို့ လောကနန္ဒာစွယ်တော်မြတ် ဘုရားရင်ပြင်တော်အောက်ခြေ၌ မြေထိန်းနံရံများ တည်ဆောက်ထားမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား ဧရာဝတီမြစ်ရေတိုက်စားမှုမှ ကာကွယ်နိုင်ရေး အလေးထားဆောင်ရွက်သွားရန် မှာကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက်ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် ရေနံချောင်းမြို့နယ် ရန်ကုန်-ပြည်-မန္တလေးလမ်း ပင်းချောင်း ဘေလီတံတား အကြီးစားပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက တံတားအစိတ်အပိုင်းများကို စစ်ဆေးပြုပြင် အစားထိုးဆောင်ရွက်နေမှုအား ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးသာအေးက လုပ်ငန်းများ အမြန်ပြီးစီးရေး ဆောင်ရွက်ရန်မှာကြားသည်။

စံချိန်စံညွှန်း

ထိုမှတစ်ဆင့် မကွေးမြို့နယ် ဒေါင်းနေကျေးရွာအနီး ဒေါင်းနေချောင်းတံတား တည်ဆောက်ရေးစီမံကိန်းသို့ ရောက်ရှိရာ စီမံကိန်းတာဝန်ခံက တံတားဆိုင်ရာ အချက်အလက်များနှင့် ဘိုးပိုင်များ တည်ဆောက်နေမှုတို့ကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးသာအေးက သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အမြန်ဆုံးပြီးစီးအောင် တည်ဆောက်နိုင်ရေး မှာကြားကာ တံတားတည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက်ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် မကွေးမြို့သို့ရောက်ရှိပြီး ကိုးပင်-စမ်းမကြီး-သစ်ရာကောက် ဖြတ်လမ်းကို မော်တော်ယာဉ်ဖြင့် ဖြတ်သန်း ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ကိုးပင်ဒေသရှိ ပြည်သာယာ စိုက်ပျိုးရေး ကုမ္ပဏီလီမိတက်သို့ ရောက်ရှိရာ တာဝန်ရှိသူတို့က စိုက်ပျိုးမြေဖော်ထုတ်ရှင်းလင်းမှုများကို တင်ပြကြပြီး တိုင်းဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ဖြည့်စွက်တင်ပြကြသည်။

ရွေးချယ်စိုက်ပျိုး

ထို့နောက်ဒုတိယဗိုလ်ချုပ်ကြီးသာအေးက ဒေသနှင့်ကိုက်ညီပြီး ဈေးကွက်ရသည့် သီးနှံများ ရွေးချယ်စိုက်ပျိုးရန် မှာကြားသည်။

ထိုမှတစ်ဆင့် ဆင်ပေါင်ဝဲမြို့နယ် ကိုးပင်ကျေးရွာ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ရှင်းလင်းဆောင်သို့ ရောက်ရှိရာ တာဝန်ရှိသူက လမ်းပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးသာအေးက လိုအပ်သည်များကို မှာကြားသည်။

မှာကြား

ဆက်လက်၍ ပြည်-အောင်လံ-ဆတ်သွား ရထားလမ်းပိုင်း အဆင့်မြှင့်တင်ခြင်း စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိရာ တာဝန်ရှိသူက လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးသာအေးက လိုအပ်သည်များကို မှာကြားကာ စီမံကိန်းလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် အောင်လံမြို့နယ် ပြလို့ကျေးရွာအုပ်စု မြင်းပေါက်ကျေးရွာ တောင်သူ ဦးသောင်းရှိန်၏ နွေစပါးရိတ်သိမ်းနေမှုကို ကြည့်ရှုအားပေးသည်။

ပေးအပ်

ယင်းနောက် ကျေးရွာအုပ်စုဥက္ကဋ္ဌအား ဇီဝဘက်ထရီနှင့် ဇီဝဘက်ထရီ ပြုလုပ်အသုံးပြုနည်း စာရွက်စာတမ်းများကို ပေးအပ်ပြီး လိုအပ်သည်များ မှာကြားသည်။

ထိုမှတစ်ဆင့် အောင်လံမြို့နယ် ပျဉ်ပင်လှကျေးရွာအနီး ဒုရင်ဗိုလ်လျှပ်စစ်မြစ်ရေတင်လုပ်ငန်းသို့ရောက်ရှိရာ တာဝန်ရှိသူတို့က မြစ်ရေတင်စီမံကိန်း ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး တင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးသာအေးက လိုအပ်သည်များ မှာကြားကာ လျှပ်စစ်မြစ်ရေတင်စက်ရုံကိုကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် ရန်ကုန်-ပြည်-မကွေး ကားလမ်းပေါ်ရှိ ဘွက်ကြီးတံတားကို ကြည့်ရှုစစ်ဆေးသည်။

ကြို့တင်ကာကွယ်

ယင်းနောက် အောင်လံမြို့နယ် ပြည်သူ့ဆေးရုံသို့ ရောက်ရှိကာ ဆေးရုံအတွင်း ကြည့်ရှုစစ်ဆေးပြီး ရောဂါကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် ဆေးရုံ ဆေးပဒေသာပင်အတွက် အလှူငွေများကို ခေတ္တ ဆေးရုံအုပ်ထံ ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မီး အစဉ်သတိပြု

ရွှေပြည်သာမြို့နယ်၌ မြေကြီးတူးဆွရာမှ ဖောက်ခွဲရေးသုံး ဆက်စပ်ပစ္စည်းများ တွေ့ရှိ

နေပြည်တော် မေ ၂၆

ယမန်နေ့ နံနက် ၉နာရီခန့်တွင် ရန်ကုန်တိုင်း ရွှေပြည်သာမြို့နယ် (၁၈)ရပ်ကွက် ရေပြာလမ်းသွယ် အမှတ်-၂၈၉(က)၌ ငှားရမ်းနေထိုင်သူ ဦးဝင်းလှိုင်သည် နေအိမ်မျက်နှာစာ၌ မြေညှိသဲခင်းရန် မြေကြီးတူးဆွစဉ် မြေအနက် ၁၀လက်မခန့်အရောက် ပလတ်စတစ်ဘူးဖြင့်ထည့်လျက် ဖောက်ခွဲရေးသုံး ဆက်စပ်ပစ္စည်း ဒီတိုနေတာ ၆၅ခု၊ ပုလင်းဘူးခွံဖြင့်ထည့်ထားသည့် အလေးချိန် ၂ကျပ်သားခန့်ရှိ ကန့်အခဲများကို တွေ့ရှိသဖြင့် တာဝန်ရှိသူများထံ အပ်နှံခဲ့သည်။

ဆက်စပ်

အဆိုပါ နေအိမ်သည် ၂၀၀၈ခုနှစ် အောက်တိုဘာ ၁၉ရက်တွင် သက်ဦးဝင်း(ခ) ကတုံး ဗုံးထောင်ရန် ဗုံးကိုတပ်ဆင်ပြင်ဆင်နေစဉ် ပေါက်ကွဲမှုဖြစ်၍ သေဆုံးခဲ့သော အိမ်ဖြစ်ကြောင်း၊ ၂၀၀၈ခုနှစ် စက်တင်ဘာ ၂၅ရက်က မဟာဗန္ဓုလပန်းခြံအတွင်း လူ၁နှစ်ဦး ဒဏ်ရာရရှိခဲ့သော ပေါက်ကွဲမှုဖြစ်စဉ်တွင် တွေ့ရှိရသည့် ယမ်းအမျိုးအစား၊ ဓာတ်ခဲနှင့် ဆက်စပ်ပစ္စည်းများသည် အထက်ပါ သိမ်းဆည်းရမိသည့် ပစ္စည်းများနှင့် တူညီမှုရှိသဖြင့် သက်ဦးဝင်းနှင့် ဆက်စပ်နိုင်သည်ဟု သုံးသပ်ခဲ့ကြကြောင်း၊ ရန်ကုန်မြို့ရှိ အရေးကြီးနေရာများအား ဆက်တိုက်ဖောက်ခွဲရန် ရည်ရွယ်ခဲ့သော်လည်း ဖောက်ခွဲရေးသမား သက်ဦးဝင်း သေဆုံးသွားခဲ့သဖြင့် ကျန်ရှိခဲ့သည့် ဖောက်ခွဲရေး ဆက်စပ်ပစ္စည်းများဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျောင်းအပ်နှံဖို့ သွားကြစို့

* ကျောင်းအပ်နှံဖို့ သွားကြစို့
သားတို့ ကျောင်းတွေ ဖွင့်တော့မည်။
သမီးတို့ ကျောင်းတွေ ဖွင့်တော့မည်။

* မိုးစက် မိုးပေါက် တဖြောက်ဖြောက်
ကျရောက်လာပြီ၊ မိုးရာသီ
မိုးနဲ့အတူ ပန်းစုံညီ။
အဖူး အငုံ အပွင့်စီ။

* တစ်နှစ်တစ်တန်း၊ အောင်စတမ်း
ကြိုးပမ်းခဲ့လို့ အောင်ခဲ့ပြီ။
သည်တစ်နှစ်မှာ အတန်းတက်မည်။

* ကျောင်းခန်းထဲက စာတွေရ
စာတွေထဲက၊ ပညာရ
ပညာတတ်မှ၊ လူ့ဘဝ
အလှရှိမည်၊ သားသိသည်။
သမီးစိတ်မှာ စွဲယုံကြည်။

* ကျောင်းအပ်နှံဖို့ သွားကြစို့
သားတို့ သမီးတို့ ပျော်မြူးသည်။ ။

စိုးမြင့်သန်းမောင်(စာပေဗိမာန်)

ရန်ကုန်တိုင်းမ်ဂျာနယ် ထွက်ရှိ

ရန်ကုန် မေ ၂၆

ကြိုးမဲ့ကမ္ဘာထဲတွင် ရပ်တည်နိုင်ရေး၊ Wireless မြို့ပြအဖွဲ့အစည်းတစ်ခု ဖြစ်လာနိုင်မှုအပေါ် IT ပညာရှင်များ၏ သုံးသပ်ချက်များပါသည့် ‘Wireless မြို့ပြ အဖွဲ့အစည်းတစ်ခုဖြစ်လာတော့မည်လား’ မျက်နှာဖုံးသတင်းဆောင်းပါး၊ ခေတ်ဟောင်း သတင်းစာများက ပြောနေသော ပြည်တွင်း နိုင်ငံရေးပုံရိပ်များ ဝေဝေဆာဆာဖြင့် ရန်ကုန်တိုင်းမ်ဂျာနယ် အတွဲ(၅)၊ အမှတ်(၂၀) ထွက်ရှိလာသည်။

ယင်းအပြင် ဆရာမောင်စူးစမ်း၏ ‘ဒုတိယ အကောင်းဆုံးလောကနှင့် ရွှေကောက်ပွဲ သဘာဝ’၊ သုံးစွဲရန်မသင့် တိုင်းရင်းဆေးများ သတိထား၊ ရန်ကုန်မိုးအငြိုးနဲ့ ရွာသလား၊ မိုးသည်းထန်မှုကြောင့် ရေလျှံမှု၊ လမ်းပိတ်ဆို့မှုများ ဖြစ်ပေါ်ခဲ့၊ ဗထူးကွင်းနှင့် တောင်ကြီးကွင်းများ ကန်ဒေါ်လာ သန်းချီသုံးစွဲ၍ ပြုပြင်တည်ဆောက်မည်၊ မြန်မာ့လေကြောင်းမှ လေယာဉ်သစ်များဖြင့် အစားထိုးပျံသန်းရန်စီစဉ်၊ မြန်မာနိုင်ငံတွင် ပထမဆုံး ဂီတ စာကြည့်တိုက်ကြီး ပေါ်လာတော့မည်၊ ငွေသုံးသောင်းတန် လက်စွပ်ကြောင့် လူနှစ်ဦး အသက်ဆုံးရှုံး၊ ပြောရေးဆိုခွင့်ရပ်ကွက်မှ ‘မှူခင်းနှင့် အသိအမြင်’၊ ‘ပူပူနွေးနွေးမိခင် သရုပ်ဆောင် နန္ဒာလှိုင်၏ မိခင်မေတ္တာခံစားမှု’ ဖျော်ဖြေရေးသတင်းအပါအဝင် ကဏ္ဍစုံလင်စွာဖြင့် ထွက်ရှိလာသည်။

စင်ကာပူသည် အရည်အချင်းရှိသူ နိုင်ငံခြားသားများအတွက် ဌာနေတစ်ခု ဖြစ်လာမည်၊ အိန္ဒိယအစိုးရသစ်အနေဖြင့် စီးပွားရေးအား စေ့ဆော်ရန် ပြည်တွင်းဈေးကွက် အလေးထားရဖွယ်ရှိ၊ စက်ရုပ်ခြေတုတပ်ဆင်ထားသော ကလေးငယ်က ကမ္ဘာ့စံချိန်တင်၊ မသန်စွမ်းသူများ အိုလံပစ်ချန်ပီယံနှင့် အပြေးပြိုင်မည်၊ အမျိုးသမီးများ၏ ခန္ဓာကိုယ် ခုခံအားစနစ်က အမျိုးသားများထက်ကောင်း၊ ဆရာဦးကျော်ဝင်း၏ ‘ဖရီးဖောအလွန် သန်း၂၀၀အရေး’စီးပွားရေးဆောင်းပါး၊ ‘ကင်ညာတွင် လူမည်းတောခေါင်းအားသတ်သည့် မင်းမျိုးစိုးနွယ်ဖြစ်သူအား ထောင်ဒဏ်ရှစ်လ ပြစ်ဒဏ်ချမှတ်’ မှုခင်းရေးရာကဏ္ဍ၊ ဟာသကဏ္ဍ၊ ‘ပြောရဦးမယ် သူတို့က ဒီလိုတဲ့’ ဖျော်ဖြေရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ နည်းပညာကဏ္ဍများ စုံလင်စွာပါရှိသည်။

(သတင်းစဉ်)

✱ *ကျောဖုံးမှ*

ရှင်းလင်းပွဲသို့ ဒေါ်အောင်ဆန်းစုကြည်၊ ဒေါ်ခင်ခင်ဝင်းနှင့် မဝင်းမမတို့အတွက် လိုက်ပါဆောင်ရွက်နေကြသည့် တရားရုံးချုပ်ရှေ့နေများဖြစ်ကြသော ဦးကြည်ဝင်း၊ ဦးညဏ်ဝင်း၊ ဦးလှမျိုးမြင့်နှင့် ဒေါ်ခင်ဌေးကြွယ်တို့အား တက်ရောက်ရန်ဖိတ်ကြားခဲ့သည်။

ပြန်ထွက်သွားခဲ့

ဦးကြည်ဝင်းမှာ နံနက် ၇နာရီ ၃၂မိနစ်တွင် အကျဉ်းဦးစီးဌာနဂိတ်ဝသို့ ဦးလှမျိုးမြင့်နှင့်အတူ ရောက်ရှိလာသော်လည်း အမှုစစ်ဆေးရန်ရှိသည်ဟုဆိုကာ ပြန်ထွက်သွားခဲ့သည်။

ဦးကြည်ဝင်း၊ ဦးညဏ်ဝင်း၊ ဦးလှမျိုးမြင့်နှင့် ဒေါ်ခင်ဌေးကြွယ်တို့အနက် ဦးလှမျိုးမြင့် တစ်ဦးတည်းသာ ရှင်းလင်းပွဲသို့ တက်ရောက်ခဲ့သည်။

ရှင်းလင်းပွဲတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီက ပဏာမ ရှင်းလင်းပြောကြားရာ၌-

ယနေ့ ဒေါ်အောင်ဆန်းစုကြည်၏ အမှုကိစ္စနှင့်ပတ်သက်ပြီး ပြည်တွင်း၊ ပြည်ပမှ များစွာ စိတ်ဝင်စားမှုများ ရှိနေကြပါကြောင်း၊ တစ်ဆက်တည်းမှာပဲ ဒေါ်အောင်ဆန်းစုကြည်ကို နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့် ဥပဒေပုဒ်မ ၁၀(က)နှင့် ပုဒ်မ ၁၀(ခ)တို့အရ ဆောင်ရွက်ခဲ့ရသည်များရှိပါကြောင်း၊ ပုဒ်မ ၁၀(က)၊ ပုဒ်မ ၁၀(ခ)တို့၏ အကျိုးသက်ရောက်မှုများကို သိရှိနားလည်ကြသူများ ရှိသကဲ့သို့ အချို့ကလည်း ပြည့်ပြည့်စုံစုံ သိရှိနားလည်ကြခြင်း မရှိပါကြောင်း၊ ရှင်းရှင်းလင်းလင်းလည်း မသိကြပါကြောင်း၊ နားလည်မှု လွဲမှားနေခြင်းများလည်း ရှိနေကြပါကြောင်း၊ ယနေ့တွင် ဒေါ်အောင်ဆန်းစုကြည် အမှုကိစ္စအတွက် လိုက်ပါဆောင်ရွက်နေသည့် ရှေ့နေကြီး ဦးကြည်ဝင်းနှင့်အဖွဲ့ကို ဤကိစ္စများအတွက် ရှင်းလင်းပြောဆိုရန် ဖိတ်ကြားခဲ့ပါကြောင်း၊ သို့သော်လည်း ရှေ့နေ ဦးလှမျိုးမြင့် တစ်ဦးတည်းသာ ရောက်ရှိလာပါသေးကြောင်း၊ ဦးညဏ်ဝင်း၊ ဦးကြည်ဝင်းနှင့် ဒေါ်ခင်ဌေးကြွယ်တို့ကို စောင့်ဆိုင်းနေရင်း ရှင်းလင်းပွဲစတင်ရန် အချိန်လည်း အနည်းငယ်နောက်ကျနေပြီ ဖြစ်ပါသဖြင့် ရှင်းလင်းပွဲ စတင်တော့မည်ဖြစ်ပါကြောင်း။

လာရောက်နားထောင်

ယနေ့ရှင်းလင်းမှုကို သံတမန်ကြီးများ၊ ပြည်တွင်း၊ ပြည်ပသတင်းထောက်များနှင့် ဧည့်သည်တော်အချို့ကလည်း သိရှိနားထောင်လိုပါကြောင်း၊ တင်ပြတောင်းဆိုမှုများ ရှိလာခြင်းကြောင့် ခွင့်ပြုချက်ဖြင့် ယခုကဲ့သို့ လာရောက်နားထောင်စေခြင်းဖြစ်ပါကြောင်း၊ ဤရှင်းလင်းချက်များကို ပြည်ထဲရေး ဗဟိုအဖွဲ့ဝင်တစ်ဦးဖြစ်သည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ သတင်းတပ်ဖွဲ့ တပ်ဖွဲ့မှူး ရဲမှူးချုပ်မြင့်သိန်းက အသေးစိတ် ရှင်းလင်းသွားမှာဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ သတင်းတပ်ဖွဲ့ တပ်ဖွဲ့မှူး ရဲမှူးချုပ်မြင့်သိန်းက ရှင်းလင်းပြောကြားရာ၌-

မြန်မာနိုင်ငံရှိ တည်ဆဲဥပဒေများနှင့်ပတ်သက်၍ သိရှိနားလည်ကြသူများ ရှိသကဲ့သို့ အပြည့်အဝနားလည်မှု မရှိကြသေးသူများလည်း ရှိပါကြောင်း၊ မိမိအနေဖြင့် ပြည်ထဲရေး ဗဟိုအဖွဲ့၏ကိုယ်စား နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့် ဥပဒေပုဒ်မ ၁၀(က)နှင့် ပုဒ်မ ၁၀(ခ)တို့နှင့် ပတ်သက်ပြီး ရှင်းလင်းသွားမှာဖြစ်ပါကြောင်း။

ဖွဲ့စည်းထား

နိုင်ငံတော်၏အချုပ်အခြာအာဏာနှင့် နိုင်ငံတော်လုံခြုံရေးကို ဖြစ်စေ၊ အများပြည်သူတို့၏ အေးချမ်းသာယာရေးကိုဖြစ်စေ ထိပါးမည့်အန္တရာယ်မှ ကြိုတင်ကာကွယ်နိုင်ရန်လည်းကောင်း၊ နိုင်ငံသားများ၏ မူလအခွင့်အရေးကို မထိခိုက်စေဘဲ နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်နိုင်ရန်အတွက်လည်းကောင်း ၁၉၇၅ခုနှစ် ပြည်သူ့လွှတ်တော် ဥပဒေအမှတ် ၃ ဖြင့် နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့် ဥပဒေကို ပြဋ္ဌာန်းခဲ့ပါကြောင်း၊ ယင်းဥပဒေ ပုဒ်မ ၇ အရ နိုင်ငံသားတစ်ဦးသည် နိုင်ငံတော် အချုပ်အခြာအာဏာနှင့် နိုင်ငံတော်လုံခြုံရေးကို ဖြစ်စေ၊ အများပြည်သူတို့၏ အေးချမ်းသာယာရေးကို ဖြစ်စေ ထိပါးအန္တရာယ်ဖြစ်စေမည့် ပြုလုပ်မှုတစ်ခုခုကိုပြုလုပ်ခဲ့သည် (သို့) ပြုလုပ်နေသည် (သို့) ပြုလုပ်တော့မည်ဟု ယုံကြည်လောက်သောအကြောင်းရှိလျှင် အစိုးရအဖွဲ့သည် ယင်းပုဂ္ဂိုလ်၏ မူလအခွင့်အရေးတစ်ရပ်ရပ်ကို လိုအပ်သလို ကန့်သတ်မိန့် ချမှတ်နိုင်ပါကြောင်း၊ အစိုးရအဖွဲ့အနေဖြင့် ၎င်းကိုယ်စား တာဝန်ယူဆောင်ရွက်ရန် ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သော ဗဟိုအဖွဲ့ကို ဖွဲ့စည်းထားပါကြောင်း။

ဗဟိုအဖွဲ့၏ လုပ်ပိုင်ခွင့်နှင့်စပ်လျဉ်း၍ နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့် ဥပဒေပုဒ်မ ၁၀ အရ ဗဟိုအဖွဲ့သည် နိုင်ငံတော်အား ထိပါးမည့် အန္တရာယ်မှ ကြိုတင်ကာကွယ်ခြင်းအတွက် ကန့်သတ်မိန့်ချမှတ်၍ အောက်ပါ လုပ်ပိုင်ခွင့်များရှိပါကြောင်း၊ ဤသည်ကို ဇယားဖြင့်လည်း ရှင်းလင်းပြသထားပါကြောင်း-

မြန်မာနိုင်ငံရဲတပ်ဖွဲ့ သတင်းတပ်ဖွဲ့ တပ်ဖွဲ့မှူး ရဲမှူးချုပ်မြင့်သိန်း နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့် ဥပဒေပုဒ်မ ၁၀(က)နှင့် ပုဒ်မ ၁၀(ခ)တို့နှင့် ပတ်သက်၍ ရှင်းလင်းပွဲတွင် ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

(က) ပုဒ်မ ၁၀(က)အရ အရေးယူခြင်းခံရသူအား တစ်ကြိမ်လျှင် ရက်ပေါင်း (၆၀)ထက် မပိုစေဘဲ စုစုပေါင်း ရက်(၁၈၀)အထိ ဖမ်းဆီးချုပ်နှောင်ထားနိုင်ခြင်း။

(ခ) ပုဒ်မ ၁၀(ခ)အရ အရေးယူခြင်းခံရသူအား တစ်နှစ်အထိ တားဆီးမှု ပြုလုပ်နိုင်ခြင်း။

အစိုးရအဖွဲ့၏ လုပ်ပိုင်ခွင့်နှင့်စပ်လျဉ်း၍-

(က) ပုဒ်မ ၁၀(က)မှာ-
- (၁) ဗဟိုအဖွဲ့သည် ပုဒ်မ ၁၀(က)အရ အရေးယူခြင်းခံရသူအား ပုဒ်မ ၁၀(က)ပါ ကာလအပိုင်းအခြားထက် ကျော်လွန်၍ ဆက်လက် ဖမ်းဆီးချုပ်နှောင်ရန် လိုအပ်ပါက ပုဒ်မ ၁၂အရ အစိုးရအဖွဲ့ထံ ကြိုတင်ခွင့်ပြုချက် ရယူရမည်။
- (၂) ထိုသို့ဆောင်ရွက်ရာတွင် အစိုးရအဖွဲ့သည် ဆက်လက် ဖမ်းဆီးချုပ်နှောင်ရန် ကြိုတင်ခွင့်ပြုချက်ကို ပုဒ်မ ၁၄ အရ တစ်ကြိမ်လျှင် တစ်နှစ်ထက်မပိုစေဘဲ စုစုပေါင်း(၅)နှစ်အထိ ခွင့်ပြုနိုင်သည်။

(ခ) ပုဒ်မ ၁၀(ခ)မှာ-
- (၁) ဗဟိုအဖွဲ့သည် ပုဒ်မ ၁၀(ခ)အရ အရေးယူခြင်းခံရသူအား ဆက်လက် တားဆီးမှုပြုလုပ်ရန် လိုအပ်ပါက ပုဒ်မ ၁၃အရ အစိုးရအဖွဲ့၏ ကြိုတင်ခွင့်ပြုချက် ရယူရမည်။
- (၂) အစိုးရအဖွဲ့သည် ဆက်လက်တားဆီးမှုပြုလုပ်ရန် ကြိုတင်ခွင့်ပြုချက်ကို ပုဒ်မ ၁၄အရ တစ်ကြိမ်လျှင် တစ်နှစ်ထက်မပိုစေဘဲ စုစုပေါင်း (၅)နှစ်အထိ ခွင့်ပြုနိုင်သည်။

နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့် ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းအရ ဗဟိုအဖွဲ့အနေဖြင့် ကန့်သတ်မိန့်ကို ပြန်လည်သုံးသပ်သည့်အခါ ဖမ်းဆီးချုပ်နှောင်မိန့် (သို့) တားဆီးမိန့်ကိုလည်း ပြန်လည်သုံးသပ်ပြီး အောက်ပါအတိုင်း ပြောင်းလဲဆောင်ရွက်နိုင်ခွင့်ရှိပါကြောင်း-

(က) လုပ်ထုံးလုပ်နည်းအပိုဒ် ၄၆(ခ)အရ ထိပါးအန္တရာယ်ဖြစ်စေမည့်အကြောင်းနှင့်ပတ်သက်၍ အထောက်အထားများ ပိုမိုခိုင်လုံစွာရရှိလျှင် မူလကန့်သတ်မိန့်ကို လိုအပ်သလိုပြင်ဆင်ပြီး တားဆီးမိန့်အစား ဖမ်းဆီးချုပ်နှောင်မိန့်ကို ထုတ်ပြန်နိုင်ပါကြောင်း၊ လုပ်ထုံးလုပ်နည်းအပိုဒ် ၄၆(င)အရ မူလကန့်သတ်မိန့်ကို ပြင်ဆင်သည်ဖြစ်စေ၊ မပြင်ဆင်သည်ဖြစ်စေ ဖမ်းဆီးချုပ်နှောင်မိန့်ကို ပယ်ဖျက်၍ ယင်းအစား တားဆီးမိန့်ကို ထုတ်နိုင်ပါကြောင်း။

(ခ) သို့ဖြစ်၍ ဗဟိုအဖွဲ့သည် ပုဒ်မ ၁၀(က)မှ ပုဒ်မ ၁၀(ခ)သို့လည်းကောင်း၊ ပုဒ်မ ၁၀(ခ)မှ ပုဒ်မ ၁၀(က)သို့လည်းကောင်း ပြောင်းလဲနိုင်ခွင့် ရှိပါကြောင်း။

ဥပဒေနှင့်အညီ

ဒေါ်အောင်ဆန်းစုကြည်ကို နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့် ဥပဒေပုဒ်မ ၁၀(က)အရ ပြည်ထဲရေး ဗဟိုအဖွဲ့၏ အမိန့်နှင့် ၃၁-၅-၂၀၀၃ရက်နေ့တွင် ကန့်သတ်မိန့်ချမှတ်ပြီး ၂၇-၁၁-၂၀၀၃ ရက်နေ့အထိ တစ်ကြိမ်လျှင်ရက်ပေါင်း(၆၀)ဖြင့် သုံးကြိမ်၊ ရက်ပေါင်း(၁၈၀)ကို ဥပဒေနှင့်အညီ ဖမ်းဆီးချုပ်နှောင်ခဲ့ပါကြောင်း၊ ဤကဲ့သို့ ဆောင်ရွက်ထားစဉ် ၁၇-၉-၂၀၀၃ ရက်နေ့တွင် ဒေါ်အောင်ဆန်းစုကြည်သည် အမျိုးသမီးရောဂါဖြစ်ပွားသည့်အတွက် စမ်းချောင်းမြို့နယ် ဗဟိုလမ်းရှိ အာရှတော်ဝင်ဆေးခန်းသို့ တင်ပို့ကုသပေးခဲ့ပါကြောင်း၊ ဒေါ်အောင်ဆန်းစုကြည်သည် ကျန်းမာရေးကောင်းမွန်လာပြီး ၂၆-၉-၂၀၀၃ ရက်နေ့တွင် အာရှတော်ဝင်ဆေးခန်းမှ ဆင်းခဲ့ရာ နိုင်ငံတော်အနေဖြင့် လူမှုရေးစာနာထောက်ထားမှုဖြင့် တက္ကသိုလ်ရိပ်သာလမ်းရှိ ဒေါ်အောင်ဆန်းစုကြည်၏ နေအိမ်သို့ပို့ဆောင်ပြီး ပုဒ်မ ၁၀(က) ဖမ်းဆီးချုပ်နှောင်မှုကာလ ကုန်ဆုံးသည့် ၂၇-၁၁-၂၀၀၃ရက်နေ့အထိ နေထိုင်စေခဲ့ပါကြောင်း။

ယင်းနောက် ဒေါ်အောင်ဆန်းစုကြည်သည် အများပြည်သူတို့၏ အေးချမ်းသာယာရေးကို ထိပါးစေနိုင်မည့် အလားအလာရှိသည့်အတွက် ဥပဒေပုဒ်မ ၁၀(ခ)အရ တားဆီးမှုပြုလုပ်ရန် လိုအပ်ခြင်းကြောင့် ဗဟိုအဖွဲ့၏ အခွင့်အာဏာဖြင့် သူမ၏ နေအိမ်မှာပင် ၂၈-၁၁-၂၀၀၃ ရက်နေ့မှ ၂၇-၁၁-၂၀၀၄ ရက်နေ့အထိ (၁)နှစ် ကန့်သတ်တားဆီးခြင်းကို ဆောင်ရွက်ခဲ့ပါကြောင်း၊ ယင်းကဲ့သို့ ဆောင်ရွက်ခြင်းသည် အထက်က ရှင်းလင်းပြဆိုခဲ့သည့်အတိုင်း လုပ်ထုံးလုပ်နည်းအပိုဒ် ၄၆(င)အရ ပုဒ်မ ၁၀(က)မှ ပုဒ်မ ၁၀(ခ)သို့ ပြောင်းလဲနိုင်သည့် အခွင့်အာဏာဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း။

ကြိုတင်ခွင့်ပြုချက်

ဗဟိုအဖွဲ့၏ အခွင့်အာဏာကုန်ဆုံးပြီးသည့်နောက် ဆက်လက်တားဆီးရန် လိုအပ်သည့်အတွက် ပုဒ်မ ၁၄အရ အစိုးရအဖွဲ့၏ ကြိုတင်ခွင့်ပြုချက်ဖြင့် တစ်ကြိမ်လျှင် တစ်နှစ်ထက်မပိုစေဘဲ အောက်ပါအတိုင်း ဆက်လက်ဆောင်ရွက်ခဲ့ပါကြောင်း-

(က) (၂၈-၁၁-၂၀၀၄)ရက်နေ့မှ (၂၇-၁၁-၂၀၀၅)ရက်နေ့အထိ ပထမအကြိမ် (၁)နှစ်။

(ခ) (၂၈-၁၁-၂၀၀၅)ရက်နေ့မှ (၂၇-၅-၂၀၀၆)ရက်နေ့အထိ ဒုတိယအကြိမ် (၆)လ။

(ဂ) (၂၈-၅-၂၀၀၆)ရက်နေ့မှ (၂၇-၅-၂၀၀၇)ရက်နေ့အထိ တတိယအကြိမ် (၁)နှစ်။

(ဃ) (၂၈-၅-၂၀၀၇)ရက်နေ့မှ (၂၇-၅-၂၀၀၈)ရက်နေ့အထိ စတုတ္ထအကြိမ် (၁)နှစ်။

(င) (၂၈-၅-၂၀၀၈)ရက်နေ့မှ (၂၇-၅-၂၀၀၉)ရက်နေ့အထိ ပဉ္စမအကြိမ် (၁)နှစ်။

ထို့ကြောင့် ဒေါ်အောင်ဆန်းစုကြည်ကို ပုဒ်မ ၁၃ နှင့် ပုဒ်မ ၁၄ တို့အရ ဆက်လက်တားဆီးရန် အစိုးရအဖွဲ့၏ ကြိုတင်ခွင့်ပြုချက်ဖြင့် စုစုပေါင်း (၄)နှစ် (၆)လ တားဆီးခဲ့ပြီးဖြစ်ပါကြောင်း၊ ပုဒ်မ ၁၄ အရ အစိုးရအဖွဲ့၏ ကြိုတင်ခွင့်ပြုချက်ရယူပြီး တစ်ကြိမ်လျှင် တစ်နှစ်ထက်မပိုစေဘဲ (၅)နှစ်အထိ ဆက်လက်တားဆီးမှုပြုလုပ်နိုင်သည့်အတွက် ဒေါ်အောင်ဆန်းစုကြည်ကို တည်ဆဲဥပဒေအရ နောက်ထပ်(၆)လ ဆက်လက်တားဆီးထားနိုင်ခွင့်ရှိပါကြောင်း။

မလွှဲမရှောင်သာ

အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ဒေါ်အောင်ဆန်းစုကြည်ကို ဗဟိုအဖွဲ့အနေဖြင့် အခွင့်အာဏာအရ တားဆီးကာလ တစ်နှစ်အပြင် အစိုးရအဖွဲ့၏ ကြိုတင်ခွင့်ပြုချက်ဖြင့် တစ်ကြိမ်လျှင် တစ်နှစ်ထက်မပိုစေဘဲ (၅)နှစ်အထိ ဆက်လက် တားဆီးမိန့်ထုတ်ပြန်နိုင်ပါကြောင်း၊ လက်ရှိအခြေအနေမှာ အစိုးရအဖွဲ့၏ ကြိုတင်ခွင့်ပြုချက်ဖြင့် ၂၈-၅-၂၀၀၈ ရက်နေ့မှ စတင်ခဲ့သည့် (၁)နှစ် ဆက်လက်တားဆီးမိန့်သည် ၂၇-၅-၂၀၀၉ ရက်နေ့တွင် သက်တမ်းကုန်ဆုံးမည်ဖြစ်ပြီး ဆက်လက်တားဆီးကာလအားဖြင့် ၄ နှစ် ၆ လ ပြည့်မြောက်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ဥပဒေအရ ဗဟိုအဖွဲ့သည် အစိုးရအဖွဲ့၏ ကြိုတင်ခွင့်ပြုချက်ဖြင့် ၅ နှစ်ပြည့်အောင် နောက်ထပ် ၆ လ ဆက်လက်တားဆီးနိုင်သေးသော်လည်း ဒေါ်အောင်ဆန်းစုကြည်သည် နိုင်ငံ့ခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်း၏ သမီးလည်းဖြစ်နေသည်ကို ထောက်ထားပြီး အလေးအနက်စဉ်းစားနေချိန်တွင် မမျှော်လင့်ဘဲ ဒေါ်အောင်ဆန်းစုကြည်သည် သူမ၏နေအိမ်အတွင်း တရားမဝင် ဝင်ရောက်လာသည့် အမေရိကန်နိုင်ငံသား Mr. John William Yettaw ကို (၂)ရက်တိုင် နေထိုင်ခွင့်ပြုခြင်း၊ လက်ခံစကားပြောခြင်း၊ အစားအသောက်များ ကျွေးမွေးခြင်း စသည့် ကူညီဆောင်ရွက်မှုများ ပြုလုပ်ခဲ့ခြင်းသည် တည်ဆဲဥပဒေနှင့် ငြိစွန်းနေခြင်းကြောင့် မလွှဲမရှောင်သာ ဝမ်းနည်းစွာဖြင့် အမှုဖွင့်တရားစွဲဆိုခဲ့ရခြင်း ဖြစ်ပါကြောင်း။

မည်သို့ပင်ဖြစ်စေ ဒေါ်အောင်ဆန်းစုကြည်အနေဖြင့် ဥပဒေနှင့်အညီ ခုခံပိုင်ခွင့်ရှိပြီး ရှေ့နေရှေ့ရပ်များကိုလည်း ငှားရမ်းဆောင်ရွက်ခွင့်ပေးထားပါကြောင်း၊ ထို့အပြင် လူမှုရေးအရ ထောက်ထားညှာတာသောအားဖြင့် နိုင်ငံတော်အနေဖြင့် သူမ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ နေရေးထိုင်ရေး၊ စားရေးသောက်ရေးများကိုလည်း ဖြည့်ဆည်းဆောင်ရွက်ထားလျက်ရှိပါကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ကျင်းပပြီးစီး

နံနက် ၈နာရီ မိနစ် ၄၀ တွင် နိုင်ငံတော်အား နှောင့်ယှက် ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့် ဥပဒေပုဒ်မ ၁၀(က)နှင့် ပုဒ်မ ၁၀(ခ) တို့နှင့်ပတ်သက်၍ ရှင်းလင်းပွဲ ကျင်းပပြီးစီးသည်။

ယနေ့မွန်းလွဲ ၁ နာရီတွင် အမေရိကန်နိုင်ငံသား Mr. John William Yettaw၊ ဒေါ်အောင်ဆန်းစုကြည်၊ ဒေါ်ခင်ခင်ဝင်းနှင့် မဝင်းမမတို့အပေါ် စွဲဆိုထားသည့်အမှုများကို ရန်ကုန်မြောက်ပိုင်းခရိုင် တရားရုံး၌ သတ္တမနေ့အဖြစ် ဆက်လက်စစ်ဆေးကြားနာရာ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံး ယာယီတာဝန်ခံများ၊ သံတမန်များနှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် ဌာနေကိုယ်စားလှယ်၊ မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်းမှ အသင်းဝင် သတင်းထောက်များ၊ ပြည်တွင်းဂျာနယ်/မဂ္ဂဇင်းများမှ စာတည်းအဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ်များမှ ကိုယ်စားလှယ်များ လာရောက် ကြည့်ရှုလေ့လာကြသည်။

(သတင်းစဉ်)

ကပ္ပလီပင်လယ်ပြင်၌ မုတ်သုံလေအားကောင်းမည်

ရန်ကုန် မေ ၂၆

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက မကွေးတိုင်းတွင် နေရာကွက်ကျား၊ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်း အောက်ပိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာကျဲကျဲ၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရန်ကုန်တိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ကာ ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ဧရာဝတီတိုင်းတို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ မောင်တောမြို့တွင် ၆ဒသမ ၄၉လက်မ၊ ပလက်ဝမြို့တွင် ၆ဒသမ ဝ၆လက်မ၊ ပုသိမ်မြို့တွင် ၃ဒသမ ၃၈လက်မ၊ မော်လိုက်မြို့တွင် ၁ဒသမ ၆၉လက်မ၊ စစ်တွေမြို့နှင့် ကလေးမြို့တို့တွင် ၁ဒသမ ၄၆လက်မစီတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ယမန်နေ့ မြန်မာစံတော်ချိန် ၅နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းတွင် ဖြစ်ပေါ်နေသော ဆိုင်ကလုန်းမုန်တိုင်း အိုင်လာသည် အိန္ဒိယနိုင်ငံအနောက် ဘင်္ဂလားပြည်နယ်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံအကြား ကမ်းခြေဒေသကို ဖြတ်ကျော်ဝင်ရောက်ပြီး ဖြစ်သည်။ ကပ္ပလီပင်လယ်ပြင်တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေပြီး ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားကောင်းနေသည်။

မေ ၂၇ရက် ညနေအထိ ခန့်မှန်းချက်မှာ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာကျဲကျဲ၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်းနှင့် ပဲခူးတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရခိုင်ပြည်နယ်နှင့် ဧရာဝတီတိုင်းတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅မိုင်မှ မိုင်၄၀ အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ ကပ္ပလီပင်လယ်ပြင်တွင် မုတ်သုံလေ အားကောင်းမည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း ၈၀ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာနိုင်ငံဆရာဝန်အသင်း ဂေါက်သီးရိုက်ပြိုင်ပွဲ

ရန်ကုန် မေ ၂၆

မြန်မာနိုင်ငံဆရာဝန်အသင်း ဂေါက်သီးရိုက်အဖွဲ့၏ လစဉ် ကျင်းပမြဲဖြစ်သော ဂေါက်သီးရိုက်ပြိုင်ပွဲအတွက် မေလ ဂေါက်သီးရိုက်ပြိုင်ပွဲကို မေ ၃၁ရက် (တနင်္ဂနွေနေ့) နံနက် ၆နာရီတွင် သန်လျင်ဂေါက်ကွင်း၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင် ဆရာဝန်များ ဝင်ရောက်ယှဉ်ပြိုင်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမေရိကန်နိုင်ငံသား Mr. John William Yettaw၊ ဒေါ်အောင်ဆန်းစုကြည်၊ ဒေါ်ခင်ခင်ဝင်းနှင့် မဝင်းမမတို့အပေါ် စွဲဆိုထားသည့်အမှုများကို သတ္တမနေ့အဖြစ် ဆက်လက်စစ်ဆေးကြားနာ

နေပြည်တော် မေ ၂၆

အမေရိကန်နိုင်ငံသား Mr. John William Yettaw၊ ဒေါ်အောင်ဆန်းစုကြည်၊ ဒေါ်ခင်ခင်ဝင်းနှင့် မဝင်းမမတို့အပေါ် စွဲဆိုထားသည့် အမှုများကို ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံးက ယနေ့ သတ္တမနေ့အဖြစ် မွန်းလွဲပိုင်းတွင် စတင်ရုံးထိုင်ကာ ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၄၇/၂၀၀၉မှ တရားခံ ဒေါ်အောင်ဆန်းစုကြည်ကို စစ်ဆေးသည်။

ဒေါ်အောင်ဆန်းစုကြည်အား ၎င်း၏ ဆန္ဒအလျောက် တရားခံအဖြစ်စစ်ဆေးရာ တရားခံ ဒေါ်အောင်ဆန်းစုကြည်က တရားရုံး၏ မေးမြန်းချက်များကို အောက်ပါအတိုင်း ဖြေကြားထွက်ဆိုသည်-

မေး - ဒေါ်အောင်ဆန်းစုကြည်နှင့် အတူ ဒေါ်ခင်ခင်ဝင်း၊ ဒေါ်ဝင်းမမ(ခ) အငယ်လေး တို့သည် အတူတကွ နေထိုင်ပါသလား။

ဖြေ - အတူတကွ နေထိုင်ပါသည်။ ကျွန်မအိမ်တွင် ဖြစ်ပါသည်။

မေး - ဒေါ်အောင်ဆန်းစုကြည်တို့ကို ကန့်သတ်မိန့်၊ တားဆီးမိန့်နှင့် ဆက်လက်တားဆီးမိန့်များကို ထုတ်ပြန်ထားပါသလား။

ဖြေ - ကျွန်မကိုတော့ ထုတ်ပြန်ထားပါသည်။

မေး - အမေရိကန်နိုင်ငံသား Mr.John William Yettaw သည် ၂၀၀၈ခုနှစ် နိုဝင်ဘာ ၃၀ရက်က ဒေါ်အောင်ဆန်းစုကြည်၏အိမ်သို့ ရောက်ရှိလာပါသေးသလား။

ဖြေ - ရောက်ရှိလာသည်ဟုတော့ ပြောပါသည်။ ကျွန်မတော့ မမြင်ခဲ့ပါ။

မေး - အမေရိကန်နိုင်ငံသား Mr.John William Yettaw သည် မေ ၃ရက် ညအချိန်တွင် အင်းလျားကန်အတွင်းရေကူးပြီး ဒေါ်အောင်ဆန်းစုကြည်၏ ခြံဝင်းအတွင်းသို့ ဝင်ရောက်ခဲ့ပါသလား။

ဖြေ - ကျွန်မ နားလည်သလောက်မှာ မေ ၄ရက် နံနက်တွင်မှ ရောက်ရှိလာပါသည်။

မေး - ဘယ်အချိန်ကို ရောက်ရှိလာပါသလဲ။

ဖြေ - ကျွန်မ မသိပါ။ နံနက် ၅နာရီနီးပါးမှ ကျွန်မကို လာရောက်သတင်းပို့ပါသည်။

မေး - မည်သူက သတင်းပို့ပါသလဲ။

ဖြေ - ဒေါ်ခင်ခင်ဝင်းက လူတစ်ယောက်ရောက်နေသည်ဟု ကျွန်မထံ သတင်းပို့ခြင်း ဖြစ်ပါသည်။

မေး - ထိုသူမှာ မည်သူဖြစ်ပါသလဲ။

ဖြေ - ထိုအချိန်ကတော့ ကျွန်မ မသိပါ။ နောက်ကျမှပဲ သိပါသည်။

မေး - ထိုသူမှာ အမေရိကန်နိုင်ငံသား Mr. John William Yettaw ဟုတ်ပါသလား။

ဖြေ - ဟုတ်ပါသည်။

မေး - Mr. John William Yettaw ဒေါ်အောင်ဆန်းစုကြည်အိမ်သို့ ရောက်ရှိချိန်တွင် သက်ဆိုင်ရာ အဖွဲ့အစည်းများသို့ သတင်းပို့ခဲ့ပါသေးသလား။

ဖြေ - သတင်းမပို့ခဲ့ပါ။

မေး - ဒေါ်အောင်ဆန်းစုကြည်တို့အနေဖြင့် နေအိမ်တွင် Mr. John William Yettaw အား ညှော်ခံကျွေးမွေး နေထိုင်စရာ ပေးခဲ့တယ်ဆိုတာ ဟုတ်ပါသလား။

ဖြေ - ကျွန်မက ခေတ္တခိုလှုံခွင့်ပေးခဲ့ခြင်းသာ ဖြစ်ပါသည်။

မေး - Mr. John William Yettaw ကို အိမ်အတွင်းတွင် ကျွေးမွေးခြင်း၊ လက်ခံ စကားပြောခြင်း၊ ပေးသည့်စာနှင့် လက်ဆောင်ပစ္စည်းများကို လက်ခံရယူခဲ့ပါသလား။

ဖြေ - Mr. John William Yettaw နှင့် စကားပြောခဲ့ပါသည်။ စာနှင့်ပစ္စည်းများသည် Mr. John William Yettaw ကျန်ရစ်ခဲ့တာလား၊ ထားခဲ့တာလားဆိုသည်ကို ကျွန်မ မသိပါ။ အဲဒီကိစ္စကိုတော့ Mr. John William Yettaw သာ သိမည်ဖြစ်ပါသည်။

မေး - Mr. John William Yettaw သည် မည်သည့်နေ့၊ မည်သည့်အချိန်တွင် ပြန်လည်ထွက်ခွာသွားပါသလဲ။

ဖြေ - Mr. John William Yettaw သည် မေ ၅ရက် ည ၁၁နာရီ ၄၅မိနစ်နှင့် ၁၂နာရီအကြား ပြန်လည်ထွက်ခွာသွားပါသည်။

မေး - Mr. John William Yettaw သည် မည်သည့်လမ်းမှ ပြန်လည်ထွက်ခွာသွားပါသလဲ။

ဖြေ - Mr. John William Yettaw သည် ရေကန်ဘက်သို့ သွားသည်ကိုသာ သိပါသည်။ မှောင်နေ၍ မည်သည့်လမ်းက သွားသည်ကိုတော့ ကျွန်မ မသိပါ။

မေး- ဒေါ်အောင်ဆန်းစုကြည်အိမ်သို့ Mr. John William Yettaw ကျန်ရစ်ခဲ့သော ပစ္စည်းများကို ဒုတိယရဲမှူးတင်ဇော်ထွန်းတို့က လာရောက်သိမ်းဆည်းပါသေးသလား။

ဖြေ - Mr. John William Yettaw ကျန်ရစ်ခဲ့သော ပစ္စည်းများကို ဒုတိယရဲမှူးတင်ဇော်ထွန်းတို့က လာရောက်သိမ်းဆည်းသွားခြင်း မှန်ကန်ပါသည်။

မေး - Mr. John William Yettaw ဒေါ်အောင်ဆန်းစုကြည် အိမ်သို့ ရောက်ရှိချိန်က အိမ်ပတ်ဝန်းကျင်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များရှိပါသလား။

ဖြေ - ခြံအတွင်းမှာတော့ မရှိပါ။ ခြံအပြင်မှာ ရှိ/မရှိ မသိပါ။

မေး - အမေရိကန်နိုင်ငံသား Mr. John William Yettaw သည် ဒေါ်အောင်ဆန်းစုကြည်၏ အိမ်အတွင်း၌ ဓာတ်ပုံ၊ ဗီဒီယိုများ ရိုက်သွားပါသေးသလား။

ဖြေ - ကျွန်မ အိမ်တွင်ရှိစဉ်က ဓာတ်ပုံ၊ ဗီဒီယိုရိုက်ခြင်း ရှိ/မရှိ မသိပါ။ ရုံးတော်ရှေ့ရောက်မှသာ ဓာတ်ပုံ၊ ဗီဒီယိုရိုက်သည်ဟု သိရှိရပါသည်။

မေး - ဒေါ်အောင်ဆန်းစုကြည်အနေဖြင့် ကန့်သတ်မိန့်၊ တားဆီးမိန့်နှင့် ဆက်လက် တားဆီးမိန့်ပါ အချက်အလက်များကို သိရှိပါသလား။

ဖြေ - ရေးသားထားသည့်အတိုင်း သိရှိပါသည်။

ထို့နောက် Mr. John William Yettaw အပေါ် စွဲဆိုသည့်ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၄၈/၂၀၀၉ မှ စစ်ဆေးရန်ကျန်သော တရားလိုပြသက်သေ သတင်းတပ်ဖွဲ့မှ အမှုစစ် ဒုတိယရဲမှူးသန်းစိုးကို ဆက်လက်စစ်ဆေးသည်။

အမှုစစ် ဒုတိယရဲမှူးသန်းစိုးက မိမိသည် ဗဟန်းရဲစခန်း (ပ)၃၀၂/၀၉ လူဝင်မှုကြီးကြပ်ရေး (အရေးပေါ်ပြဋ္ဌာန်းချက်များ) အက်ဥပဒေပုဒ်မ ၁၃(၁) အမှုကို စုံစမ်းစစ်ဆေးရန် မေ ၁၁ရက်တွင် လက်ခံရရှိကြောင်း၊ ထိုနေ့တွင် တရားလိုပြသက်သေများကို စစ်ဆေးခဲ့ကြောင်း၊ မေ ၁၂ရက်တွင် တရားလိုပြသက်သေများကို ဆက်လက်စစ်ဆေးပြီး ဒုတိယရဲမှူးမောင်မောင်မြင့်နှင့် ဒုတိယရဲမှူးတင်ဇော်ထွန်းတို့ လွှဲပြောင်းပေးသော ရုပ်ဖွေပုံစံများကို လက်ခံခဲ့ကြောင်း၊ ထိုနေ့တွင်ပင် ၎င်းအမှုနှင့် ဆက်စပ်၍ Mr. John William Yettaw ၏ လက်ရေးနမူနာရယူပြီး ဒေါ်အောင်ဆန်းစုကြည်အိမ်မှ သိမ်းဆည်းရမိခဲ့သော Mr. John William Yettaw ၏ လက်ရေးများနှင့် တိုက်ဆိုင်စစ်ဆေးရန် မှုခင်းတပ်ဖွဲ့သို့ ပေးပို့အကြောင်းကြားခဲ့ကြောင်း၊ ထိုနေ့တွင်ပင် Mr. John William Yettaw အား စစ်ဆေးခဲ့ကြောင်း၊ မေ ၁၃ရက်တွင် သက်သေများကို ဆက်လက်စစ်ဆေးကြောင်း၊ ဒုတိယရဲမှူးစကျော်ဝင်း လွှဲပြောင်းပေးသော ရှာဖွေပုံစံနှစ်စောင်ကို အမှုတွင် ထည့်သွင်းတင်ပြခဲ့ကြောင်း၊ မေ ၁၄ရက်တွင် Mr. John William Yettaw အား အမှုဖြင့် ဖမ်းဆီးကာ ဗဟန်းရဲစခန်း စွဲချက်အမှတ် ၂၆၄/၀၉ လူဝင်မှုကြီးကြပ်ရေး (အရေးပေါ်ပြဋ္ဌာန်းချက်များ) အက်ဥပဒေပုဒ်မ ၁၃(၁)အရ ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံးသို့ တရားစွဲဆို တင်ပို့ခဲ့ကြောင်း ထွက်ဆိုသည်။

အမှုများကို ဆက်လက်စစ်ဆေးကြားနာရန် မေ၂၇ရက် နံနက် ၁၀နာရီသို့ ချိန်းဆိုလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပခုက္ကူမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ဘဏ္ဍာရေးနှစ်အဖွဲ့ ရန်ပုံငွေဖြင့် ဆောင်ရွက်သော အမှတ်(၁၁)ရပ်ကွက် ၁၁လမ်းနှင့် မြိုင်လမ်းဆုံ ကွန်ကရစ်တံတား တည်ဆောက်ခြင်းလုပ်ငန်းကို အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်နီနီအောင် ဆောင်ရွက်ခြင်းကို အမှုဆောင်အရာရှိ ဦးသက်ပိုင်နှင့် အင်ဂျင်နီယာမှူး ဦးသိန်းဇော်တို့ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ်(၁၂၁) ထုတ်ဝေဖြန့်ချိ

ရန်ကုန် မေ ၂၆

ပြန်ကြားရေးဝန်ကြီးဌာနက ကြီးကြပ်စီစဉ်ထုတ်ဝေသော နိုင်ငံ့ဂုဏ်ရည် မဂ္ဂဇင်း အမှတ်(၁၂၁)ကို ထုတ်ဝေဖြန့်ချိလိုက်သည်။

မြင်းမူမောင်နိုင်မိုး၊ မင်းမောင်နွယ်(မွန်ဌာနီ)၊ မြတ်ဘုန်း(တပ်ကုန်း)၊ လေးစိုး (ဒေးဒရဲ)၊ ချမ်းမြဆောင်း (ကလော)၊ အေးမြင့်အေး (တပ်ကုန်း)၊ ဇော်မျိုးဟန် (ငါးသိုင်းချောင်း)၊ မင်သန်းထိုက် (ဒေးဒရဲ)၊ ကြည်ထွန်း (ကျောက်ပန်းတောင်း)၊ စတုဆွေသစ်၊ ပုရစ်ဖူး (မင်းလှ)၊ ရွှေမြိုင်ပြုံးလဲ့မော်တို့၏ အဖွင့်ကဗျာများ၊ စောမုံညင်း၊ တက္ကသိုလ်တင်ခ၊ စိန်လင်း (ခွဲစိတ်နှင့်ကင်ဆာပါရဂူ)၊ မြင့်သိန်းအောင်၊ ချစ်နိုင် (စိတ်ပညာ)၊ ဆင်ဖြူကျွန်းအောင်သိန်း၊ ဒေါက်တာဦးဖေဉာဏ်၊ ရွှေသဥ္စာ၊ နေမျိုးသန့်၊ သာနိုင်အောင် (ကျိုက်မရော)၊ တက္ကသိုလ်သျှင်သီရိ၊ ဦးကျော်စိန် (မန္တလေး)၊ မောင်သာမန် (ဖီးကုန်း)၊ ပန်းတောင်းသန်းကြွယ်၊ စစ်ကိုင်းစိမ်းစိမ်း၊ ဒေါက်တာနှင်းအေးခိုင်ဆွေ၊ ထွေးကြည် (သလ္လာဝတီ)၊ တင်ဝင်း (ပညာရေး)၊ မြန်မာ့အသံ သိန်းဟန်၊ မောင်ကြည်သစ်ဦး၊ ပျော်ဘွယ်မောင်အေး၊ ခင်ဧ(စက်မှု)၊ မွေးငယ်ငယ်၊ မှူးခင်(ရွှေပြည်သာ)၊ တက္ကသိုလ်စိုးယဉ်၊ အောင်ဇင်၊ စေတနာလှိုင် (ရေစကြို)၊ ပိုနေမြဲ(ဝက်လက်)၊ ရွှေဆယ်ထိပ်တင်လှိုင်၊ ယွန်းမြတ်မွန်းသျှန်၊ စိုးလွင် (ဝါးခယ်မ)၊ ကိုသြ (လှိုင်သာယာ)၊ စိုးစံ၊ စည်သူကျော်၊ ရွှေကိုဦး၊ မင်းဦး (ဒဿန)တို့၏ဝတ္ထုတို၊ ဝတ္ထုရှည်နှင့် ကာတွန်းများအပြင် ဗုဒ္ဓစာဉယျာဉ် ကဏ္ဍ၊ တိုင်းရင်းသားကဏ္ဍ၊ ပုံပြင်ကဏ္ဍ၊ ကလေးတို့အတွက် ကဗျာလက်ဆောင်၊ စာလက်ဆောင်၊ တောခလှေ့ စာပန်းချီ၊ ကဗျာပန်းရုံရိပ်တို့ဖြင့် သုတ၊ ရသ၊ စုံလင်စွာ တင်ဆက်ထားသည်။

ဝယ်ယူနိုင်

အဆိုပါ မဂ္ဂဇင်းကို နိုင်ငံ့ဂုဏ်ရည်စာပေတိုက် (၁) စာပေဗိမာန် အဆောက်အအုံ ကုန်သည်လမ်း ရန်ကုန် ဖုန်း-၃၇၄၅၃၂၊ နိုင်ငံ့ဂုဏ်ရည်စာပေတိုက်(၂) ရန်ကင်းဆရာအတတ်သင်ရှေ့ သစ္စာလမ်း ရန်ကင်းမြို့နယ် ဖုန်း-၇၂၅၅၃၀ နှင့် အခြားဆိုင်ကြီးများအပြင် မြို့နယ်အသီးသီးရှိ စာအုပ်ဆိုင်ကြီးများတွင်လည်း ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

နေပြည်တော် မြန်မာ့အသံ

(ကြာသပတေးနေ့-နံနက်+နေ့လယ်+ည)
(၂၈-၅-၂၀၀၉)

၇း၀၀ အဖွင့်တီးလုံး+နှုတ်ခွန်းဆက်
နိုင်ငံတော်သီချင်း+ကြေညာချက်
၇း၁၅ တရားတော်
(အင်္ဂုလိမာလသုတ်-ဇာဗျွက်သုတ်)
ဓမ္မပူဇာတေးပဒေသာ
၀၇း၃၀ (၃၈)မြဖမင်္ဂလာ
၀၇း၃၅ နံနက်ခင်းတေးပဒေသာ
၀၈း၀၀ စံတော်ချိန် + သတင်း
၀၈း၁၀ နံနက်ခင်းတေးပဒေသာ
၀၈း၃၀ လောကနီတိအသိရှိစေဖို့ (ပညာ)
၀၈း၃၅ တေးပဒေသာ
၀၉း၀၀ အစီအစဉ်ပြီး၏။
၁၀း၀၀ သောတရှင်လိုရာတေး
၁၀း၃၀ သတင်းစာအာဘော်
၁၀း၃၅ တေးပဒေသာ
၁၁း၀၀ နေ့လယ်ခင်းသတင်း
၁၁း၁၀ နေ့လယ်ခင်းတေးပဒေသာ
၁၁း၂၅ ဖျော်ဖြေသီကြွေးသူ့အလှည့်တေး
(နောနော်)
၁၁း၄၅ သိပ္ပံပညာသိကောင်းစရာ
(ပန်းဝတ်မှုန်)
၁၁း၅၅ တေးသီချင်း
၁၂း၀၀ စံတော်ချိန်
ဇာနည်စစ်သည်တေးပန်းချီ
၁၂း၁၀ နေ့လယ်ခင်းတေးပဒေသာ
၁၂း၂၀ ယဉ်ကျေးမှုအနုပညာ (ခေတ်အမြင်
ခေတ်အတွေးရှိသည့်စာဆိုရှင်)
၁၂း၃၀ ခံစားနားဆင် မြန်မာတေးသံစဉ်
၁၃း၀၀ မွန်းလွဲပိုင်းသတင်း
၁၃း၁၀ တေးပဒေသာ
၁၃း၃၀ အစီအစဉ်ပြီး၏။
၁၆း၀၀ အဖွင့်တီးလုံး-ကြေညာချက်
ညနေခင်းတေးပဒေသာ
၁၆း၂၀ ဆောင်းပါး (ကန့်သတ်ခြင်းနှင့် ချုပ်ချယ်ခြင်း)
၁၆း၃၀ အမှတ်တရတေးလက်ဆောင်
၁၇း၀၀ အလုပ်အကိုင်အခွင့်အလမ်း
(ရထားပို့ဆောင်ရေးဝန်ကြီးဌာန)
၁၇း၁၀ ဘဝတစ်ကွေ့အတွေ့အကြုံ
(လူ့ဘုံလောကနှစ်သာရ)
၁၇း၂၅ သတင်းစာဆောင်းပါး
၁၇း၃၀ ညနေခင်းတေးပဒေသာ
၁၈း၀၀ ညနေခင်းသတင်း
၁၈း၀၅ ညနေခင်းတေးပဒေသာ
၁၈း၂၅ ကျေးလက်ဇာတ်လမ်း
(တကယ့်ရတနာ)
၁၈း၄၀ တေးပဒေသာ
၁၉း၀၀ နိုင်ငံတကာသတင်း
၁၉း၀၅ ညချမ်းချိန်ခါတေးပဒေသာ
နိုင်ငံရေးဦးတည်ချက်
၁၉း၃၀ သုတစုံစွာသိမှတ်စရာ
(အဏ္ဏဝါ ဂေဟာစနစ်ထိန်းသိမ်းရေး၊ အလွန်အကျွံ ငါးဖမ်းမှုမပြုသင့်)
၁၉း၄၀ ရေဒီယိုအတိတ် တေးအရိပ်
၂၀း၀၀ ပြည်တွင်းသတင်း
၂၀း၂၀ ချမ်းမြေ့သာယာ သီရိဂေဟာ
(ဒေါက်တာ ဦးသာဉာဏ်နဲ့ အကယ်ဒမီမြင့်မြင့်ခိုင်တို့ ဇနီးမောင်နှံ)
၂၀း၅၀ တေးသံစုံ
စီးပွားရေးဦးတည်ချက်
၂၁း၀၀ ဆောင်းပါး (ကောင်းတာလုပ်ပါ)
၂၁း၁၀ ခံစားနားဆင်မြန်မာတေးသံစဉ်
လူမှုရေးဦးတည်ချက်
ညချမ်းချိန်ခါတေးပဒေသာ
၂၂း၀၀ အစီအစဉ်ပြီး၏။

စံ(၅)ချက်နှင့်ပြည့်စုံသော စာကြည့်တိုက်ဖြစ်ပေါ်ရေး ပြည်မြို့နယ် ရွှေဝါမြေကျေးရွာတွင် ဆွေးနွေး

ပြည် မေ ၂၆

ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်ခရိုင် ပြည်မြို့နယ်အတွင်းရှိ ရွှေဝါမြေကျေးရွာ အမကကျောင်းတွင် မေ ၁၂ရက် နံနက် ၉နာရီက စံ(၅)ချက်နှင့်ပြည့်စုံသော စာကြည့်တိုက် အဆောက်အအုံဖြစ်ပေါ်ရေး ဆွေးနွေးပွဲကိုကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ ပဲခူးတိုင်း(အနောက်ပိုင်း) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန တိုင်းဦးစီးမှူး ဦးတင်အောင်ညွန့်၊ ပြည်မြို့နယ်ဦးစီးမှူး ဒေါ်စန်းတင်၊ အငယ်တန်းစာရေး ဒေါ်နီလာခိုင်၊ ဓာတ်ပုံကျွမ်းကျင်(၂) ဦးမျိုးကျော်၊ ကျေးရွာစာကြည့်တိုက် ကော်မတီဝင်များနှင့် ရပ်မိရပ်ဖများ တက်ရောက်ကြသည်။

ဆွေးနွေး

ရှေးဦးစွာ ကျေးရွာစာကြည့်တိုက်ကော်မတီနာယက ဦးဉာဏ်ထွန်းက စာကြည့်တိုက် အဆောက်အအုံဖြစ်ပေါ်လာရေး ဆောင်ရွက်ထားရှိမှု အခြေအနေကို ရှင်းလင်းတင်ပြပြီး မြို့နယ်ဦးစီးမှူးဒေါ်စန်းတင်က ကျေးရွာစာကြည့်တိုက်ဖွင့်လှစ်ရခြင်း အကျိုးကျေးဇူးများကို တင်ပြဆွေးနွေးသည်။

ထို့နောက် စာကြည့်တိုက်ကော်မတီဝင်များနှင့် ရပ်မိရပ်ဖများ၏ တင်ပြမှုအပေါ် တိုင်းဦးစီးမှူးက စံ(၅)ချက်နှင့်အညီ စာကြည့်တိုက် အမြန်ဆုံးဆောက်လုပ်နိုင်ရေး ညှိနှိုင်းဆွေးနွေးမှာကြားသည်။

လှူဒါန်း

ဆက်လက်၍ မြို့နယ်ဦးစီးမှူးက စာကြည့်တိုက်အတွက် စာအုပ်စာစောင်များ လှူဒါန်းရာ စာကြည့်တိုက်ကော်မတီအဖွဲ့ဝင် ဦးအောင်ကြီးက လက်ခံယူကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

သံဖြူဇရပ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ မြို့မအမှတ်(၁)ဈေးအတွင်း ရေစီးရေလာကောင်းမွန်ရေးနှင့် သန့်ရှင်းမှုရှိစေရေးဆောင်ရွက်မှုကို အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူးဦးမြင့် ကွင်းဆင်းကြပ်မတ်စစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

သစ်တောသစ်ပင် ဒို့ချစ်ခင် နှစ်စဉ်စိုက်ပျိုး အလှတိုး

စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌနိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ရေနီအမှတ်(၂)စက္ကူစက်ရုံ တန် (၅၀) သတင်းစာပျော့ဖတ်နှင့် တန်(၈၀)ထုပ်ပိုးစက္ကူစက်ရုံဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

■ *ရှေ့ဖုံးမှ*

စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်အားပေးပြီး စက်ရုံဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

တက်ရောက်

အဆိုပါဖွင့်ပွဲအခမ်းအနားသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကိုကို၊ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှမင်း၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာယဲ့တာပိုနှင့် သံရုံးအဖွဲ့ဝင်များ၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိသူများ၊ ပဲခူးတိုင်းမှ တိုင်း၊ ခရိုင်၊ မြို့နယ် အဆင့်ဌာနဆိုင်ရာများ၊ စက်ရုံမှူးနှင့် ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ရေနီအမှတ်(၂)စက္ကူစက်ရုံ တန်(၅၀)သတင်းစာပျော့ဖတ်နှင့် တန်(၈၀)ထုပ်ပိုးစက္ကူစက်ရုံဖွင့်ပွဲ အခမ်းအနားကို စက်ရုံမုခ်ဦးရှေ့၌ကျင်းပရာ ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှမင်း၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီးဦးအောင်သောင်းနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာယဲ့တာပိုတို့က စက်ရုံကိုဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

စက်ခလုတ်နှိပ်ဖွင့်လှစ်

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က စက်ရုံဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်ပက်ဖျန်းပေးသည်။

ဆက်လက်၍ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကိုကို၊ တိုင်းမှူး ဗိုလ်မှူးချုပ်လှမင်း၊ ဝန်ကြီးဦးအောင်သောင်းနှင့် တာဝန်ရှိပုဂ္ဂိုလ်များက စက်ရုံဆိုင်းဘုတ်ကို အမွှေးနံ့သာရည် ပက်ဖျန်းပေးကြသည်။

ဤစက်ရုံသည် ပြည်တွင်းရှိ သဘာဝအရင်းအမြစ်များကို အကျိုးရှိစွာ အသုံးချပြီး သတင်းစာစက္ကူအတွက် ပျော့ဖတ်နှင့် ထုပ်ပိုးစက္ကူများထုတ်လုပ်၍ ပြည်ပသွင်းကုန် အစားထိုးလုပ်ငန်းကို ဖြည့်ဆည်းပေးနိုင်တော့မည်ဖြစ်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် တိုင်းမှူး၊ ဝန်ကြီးများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးနှင့် တာဝန်ရှိသူများ၊ Chengda Company Chairman နှင့် အဖွဲ့ဝင်များ၊ စက်ရုံမှူးနှင့် တာဝန်ရှိသူများနှင့်အတူ မှတ်တမ်းဓာတ်ပုံရိုက်သည်။

ရှင်းလင်းတင်ပြ

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် အဖွဲ့ဝင်များနှင့်အတူ စက်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးရာ ဝန်ကြီး ဦးအောင်သောင်းက တန်(၈၀)ကျ ထုပ်ပိုးစက္ကူထုတ်လုပ်မှုလုပ်ငန်းအဆင့်ဆင့်နှင့် တန်(၅၀)ကျ သတင်းစာပျော့ဖတ် ထုတ်လုပ်မှု လုပ်ငန်းအဆင့်ဆင့်တို့ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် စက်ရုံအတွင်း၌ ဝါးနှင့်သစ်ကုန်ကြမ်းများစုဆောင်းထားရှိမှု၊ ဝါးနှင့်သစ်များကို ကြိတ်ခွဲစက်ဖြင့် ကြိတ်ခွဲနေမှုလုပ်ငန်းအဆင့်ဆင့်၊ တန်(၅၀)သတင်းစာ ပျော့ဖတ်ထုတ်လုပ်နေမှု လုပ်ငန်းအဆင့်ဆင့်၊ သတင်းစာပျော့ဖတ် ထုတ်လုပ်သည့်သစ်အမျိုးအစားများ၊ သုံးစွဲသည့်ဓာတုပစ္စည်းများ၊ ထုတ်လုပ်သည့်ပျော့ဖတ်ချပ်များနှင့် သတင်းစာစက္ကူများ၊ ထုတ်လုပ်သည့်စက္ကူဖြင့် ရိုက်နှိပ်သော သတင်းစာများကိုလည်းကောင်း၊ တန်(၈၀) ထုပ်ပိုးစက္ကူစက်၌ ထုပ်ပိုးစက္ကူလိပ်များ ထုတ်လုပ်နေမှုနှင့် ထုတ်လုပ်ထွက်ရှိသော ထုပ်ပိုးစက္ကူလိပ်များကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး စက်ရုံမှ အောင်မြင်စွာထုတ်လုပ်ထွက်ရှိသည့် စက္ကူပေါ်၌ စက်ရုံဖွင့်ပွဲ အထိမ်းအမှတ် ဂုဏ်ပြုမော်ကွန်းတင်လက်မှတ်ရေးထိုးပေးသည်။

လက်မှတ်ရေးထိုး

ယင်းနောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကိုကို၊ တိုင်းမှူးနှင့် ဝန်ကြီးများ၊ အဖွဲ့ဝင်များသည် ထုတ်လုပ်ထွက်ရှိလာသည့် စက္ကူပေါ်၌ မော်ကွန်းတင်လက်မှတ်များ ရေးထိုးကြသည်။

ရေနီအမှတ်(၂) စက္ကူစက်ရုံ တန်(၅၀) သတင်းစာပျော့ဖတ်နှင့် တန်(၈၀) ထုပ်ပိုးစက္ကူစက်ရုံကို တွေ့ရစဉ်။ (သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ရေနီအမှတ်(၂) စက္ကူစက်ရုံ တန်(၅၀) သတင်းစာ ပျော့ဖတ်နှင့် တန်(၈၀) ထုပ်ပိုးစက္ကူစက်ရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်အား စက်ရုံရှင်းလင်းဆောင်၌ ဝန်ကြီး ဦးအောင်သောင်းက တန်(၅၀)သတင်းစာပျော့ဖတ်နှင့် တန်(၈၀)ထုပ်ပိုးစက္ကူစက်ရုံ (ရေနီ)ဆိုင်ရာ အချက်အလက်များ၊ စက်ရုံတည်နေရာ၊ ရည်ရွယ်ချက်၊ တစ်နှစ်အတွက် သတင်းစာပျော့ဖတ်လိုအပ်ချက်နှင့်ထုတ်လုပ်မှု၊ တစ်နှစ်အတွက် ထုပ်ပိုးစက္ကူလိုအပ်ချက်နှင့် ထုတ်လုပ်မှု၊ နိုင်ငံတော်၏ တစ်နှစ်အတွက် သတင်းစာစက္ကူလိုအပ်ချက်နှင့် ဖြည့်ဆည်းနိုင်မှု၊ သတင်းစာပျော့ဖတ်တန်(၅၀)နှင့် ထုပ်ပိုးစက္ကူတန်(၈၀)တို့ကို နေ့စဉ်ထုတ်လုပ်နိုင်မည့် စက်စွမ်းအား၊ အဓိက ကုန်ကြမ်းများဖြစ်သည့် သစ်ပွ၊ ဝါး၊ ထုံးကျောက်၊ ကော့စတစ်ဆိုဒါ၊ ရေနှင့် လျှပ်စစ်လိုအပ်ချက်များ၊ မီးထိုးဆီလိုအပ်ချက်၊ လူအင်အားလိုအပ်ချက်၊ ရင်းနှီးမြှုပ်နှံမှုတန်ဖိုး၊ ထုတ်လုပ်မှုနည်းစဉ်၊ သစ်စိုက်ခင်း၊ ဝါးစိုက်ခင်းများ စိုက်ပျိုးထားရှိမှု၊ ရေနီအမှတ်(၂) စက္ကူစက်ရုံ အဆင့်မြှင့်မည့် အစီအစဉ်နှင့် စက်ရုံများ၌ တပ်ဆင်ထားရှိသောစက်များ၊ ကုန်ကြမ်းနှင့် ထွက်ကုန်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က ဤစက်ရုံသည် ပြည်တွင်းရှိ သဘာဝအရင်းအမြစ်များကို အကျိုးရှိစွာအသုံးချပြီး သတင်းစာစက္ကူအတွက် ပျော့ဖတ်နှင့် ထုပ်ပိုးစက္ကူများထုတ်လုပ်၍ ပြည်ပသွင်းကုန်အစားထိုးလုပ်ငန်းကို ဖြည့်ဆည်းပေးနိုင်တော့မည်ဖြစ်ကြောင်း။

ပညာပေးဆောင်ရွက်

ယခုကဲ့သို့ စက်ရုံ၊ အလုပ်ရုံများ တိုးချဲ့တည်ဆောက်လာနိုင်သည်နှင့်အမျှ နယ်မြေဒေသ ဖွံ့ဖြိုးတိုးတက်လာပြီး ဒေသခံပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ တိုးပွားလာမှာဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး စက်ရုံများတွင် ကုန်ကျစရိတ်နှင့် ဝင်ငွေအချိုးကိုက်ညီစေရေးအတွက် စက်စွမ်းအားပြည့်လည်ပတ်ရန်၊ လုပ်သားများ ကျွမ်းကျင်ရေးနှင့် ကုန်ကြမ်းလိုအပ်ချက်များအမြဲပြည့်စုံနေစေရေးစီမံဆောင်ရွက်ရန်၊ စက်ရုံအတွက် လိုအပ်သောကုန်ကြမ်းများ ဖြည့်ဆည်းပေးနိုင်ရေးအတွက် စက်ရုံပိုင်စိုက်ခင်းများတွင် သစ်နှင့် ဝါးများကို စနစ်တကျအကွက်ချပြီး စီမံစိုက်ပျိုးသွားရန်၊ မီးဘေးလုံခြုံရေး၊ လူ့ပယောဂကြောင့် ပျက်စီးဆုံးရှုံးမှု မဖြစ်စေရေး၊ ဝန်ထမ်းများ လုပ်ငန်းခွင်လုံခြုံရေးစသည့် စက်ရုံ၏လုံခြုံရေးကို စနစ်တကျစီမံဆောင်ရွက်သွားရန်နှင့် ဝန်ထမ်းတိုင်း ကိုယ်စီလိုက်နာရေး ပညာပေးဆောင်ရွက်သွားရန် မှာကြားသည်။

ထို့နောက်နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးနှင့် စက်ရုံစီမံကိန်းလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေသည့် Chengda Company မှ Chairman တို့အား သစ်သီးခြင်းလက်ဆောင်ပေးအပ်သည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးနှင့် Chengda Company မှ Chairman တို့က စက်ရုံဖွင့်ပွဲ အထိမ်းအမှတ် လက်ဆောင်ပစ္စည်းကို ဂါရဝပြုပေးအပ်ကြသည်။

ရည်ရွယ်တည်ဆောက်

တန် (၅၀) သတင်းစာပျော့ဖတ်နှင့် တန် (၈၀) ထုပ်ပိုးစက္ကူစက်ရုံသည် ပဲခူးတိုင်း တောင်ငူခရိုင် ရေတာရှည်မြို့နယ်ရှိ ရေနီအမှတ်(၂)စက္ကူစက်ရုံအနီး၌ တည်ရှိပြီး သတင်းစာပျော့ဖတ်နှင့် ထုပ်ပိုးစက္ကူများကို သစ်၊ ဝါးအခြေခံကုန်ကြမ်းများဖြင့် သတင်းစာပျော့ဖတ် တစ်နေ့လျှင် တန် (၅၀)၊ ထုပ်ပိုးစက္ကူ တစ်နေ့လျှင် တန်(၈၀) ထုတ်လုပ်နိုင်သည်။

ဤစက်ရုံကို ပြည်တွင်းရှိ သဘာဝအရင်းအမြစ်များအား အကျိုးရှိစွာ အသုံးပြုပြီး သတင်းစာပျော့ဖတ်နှင့် ထုပ်ပိုးစက္ကူများထုတ်လုပ်၍ ပြည်ပသွင်းကုန် အစားထိုးလုပ်ငန်းကို ဖြည့်ဆည်းဆောင်ရွက်ရန်၊ နယ်မြေဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများတိုးပွားလာစေပြီး ပြည်သူလူထု၏ လူနေမှုအဆင့်အတန်း မြင့်မားလာစေရန်၊ ခေတ်မီစက်ကိရိယာများအသုံးပြု၍ ခေတ်မီနည်းပညာနှင့် အတွေ့အကြုံများရရှိလာစေရန်၊ လူဦးရေတိုးတက်လာမှုနှင့်အညီ သတင်းစာအခန်းကဏ္ဍမြင့်မားလာမှုကြောင့် လိုအပ်သောသတင်းစာစက္ကူအတွက် သတင်းစာပျော့ဖတ်ကို တွင်ကျယ်စွာ ထုတ်လုပ်အသုံးပြုရန်၊ ဘိလပ်မြေ စက်ရုံများ တိုးချဲ့တည်ဆောက်လာမှုကြောင့် ထုပ်ပိုးစက္ကူလိုအပ်ချက်ကို ဖြည့်ဆည်းထုတ်လုပ်ပေးရန်နှင့် ပြည်တွင်းမှပိုလျှံသော သတင်းစာပျော့ဖတ်နှင့် ထုပ်ပိုးစက္ကူများကို ပြည်ပသို့တင်ပို့ရောင်းချရန် ဟူသော ရည်ရွယ်ချက်များဖြင့် အမှတ်(၁)စက်မှုဝန်ကြီးဌာန စက္ကူနှင့်ဓာတုဗေဒလုပ်ငန်းက တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ရေနီအမှတ်(၂)စက္ကူစက်ရုံ တန်(၅၀) သတင်းစာပျော့ဖတ်နှင့် တန်(၈၀)ထုပ်ပိုး စက္ကူစက်ရုံတွင် စက်များတပ်ဆင်ထုတ်လုပ်စဉ်။ (သတင်းစဉ်)

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီအား ဗီယက်နမ်သံအမတ်ကြီးနှင့်အဖွဲ့ လာရောက်တွေ့ဆုံ

စွမ်းအင်ကဏ္ဍနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာဆွေးနွေး

နေပြည်တော် မေ ၂၆

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီအား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Chu Cong Phung ဦးဆောင်သော Vietnam's General Corporation of Coal and Mines မှ ကိုယ်စားလှယ်အဖွဲ့သည် မေ ၂၅ ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးရုံးဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး နှစ်နိုင်ငံစွမ်းအင်ကဏ္ဍနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး၊ စွမ်းအင်ဝန်ကြီးဌာနအောက်ရှိ ဌာနများမှ ညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လာရောက်တွေ့ဆုံ

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီအား ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Chu Cong Phung ဦးဆောင်သော Vietnam's General Corporation of Coal and Mines မှ ကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

အမြို့မြို့အနယ်နယ် လိုတိုရှင်းသတင်းများ

နွေစပါးလျာထားချက်ပြည့်မီရေး ဆွေးနွေး

တောင်သာမြို့နယ်ဥက္ကဋ္ဌ ဦးစိုးစိုးရွှေ၊ အတွင်းရေးမှူး ဦးသန်းနိုင်တို့ ဦးဆောင်သော စိုက်ပျိုးရေးညှိနှိုင်းကော်မတီဝင် ဌာနဆိုင်ရာများ နွေစပါးလျာထားချက်ပြည့်မီရေးအတွက် ဧပြီ ၂၂ရက်က ကွင်းဆင်းဆောင်ရွက်ရာ တောင်သာမြို့နယ်မှ နွေစပါး ၂၅၇၃ ဧကလျာထားပြီး တောင်သာဆည်၊ ကျောဇီမြစ်ရေတင်၊ မြင့်ကြို၊ အိုးဘိုနှင့် တစ်မိုက်သာဆည်ရေများဖြင့် အကောင်အထည်ဖော်ရာ ဧက ၂၂၀၀ ကျော် စိုက်ပျိုးပြီးစီးနေပြီဖြစ်သည်။ (ဝ၉၂)

ပဲခူးမြို့သာယာလှပရေး ရေနုတ်မြောင်းများတူးဖော်

ပဲခူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့သည် ပဲခူးမြို့နယ်သာယာလှပရေးနှင့် မိုးတွင်း ရေစီးရေလာကောင်းမွန်ရေးအတွက် အဖွဲ့ပိုင်ဈေးများဖြစ်သော ဘုရားကြီးစံပြကျေးရွာဈေး၌ ဈေးပတ်လည်နှင့် ဈေးရှေ့ရေနုတ်မြောင်းများအတွင်းရှိ အမှိုက်၊ ရွှံ့နွံများတူးဖော်မှုကို မေ ၅ရက်က ပဲခူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ ဈေးအကျိုးတော်ဆောင်အဖွဲ့များနှင့် ဈေးသူဈေးသားများဖြင့် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ (မြို့နယ်စည်ပင်)

စာကြည့်တိုက်ဖွင့်လှစ်ရေး သံတွဲ၌ ဆွေးနွေး

သံတွဲမြို့ မင်းဗာကြီးလမ်း ဒွါရာဝတီမြို့သစ်၌ စာပေဝါသနာရှင်များက အောင်မြေသာစည်စာကြည့်တိုက်ဖွင့်လှစ်နိုင်ရေးအတွက် ညှိနှိုင်းအစည်းအဝေးကို မေ ၃ရက် မွန်းလွဲ ၁နာရီက ကျင်းပရာ ရန်ကုန်မြို့နေ သံတွဲဇာတိစာရေးဆရာများနှင့် စာပေဝါသနာရှင် ဦးမောင်မောင်သန်းတို့က ဦးဆောင်၍ ရန်ကုန်မြို့နေ စာရေးဆရာများနှင့် စာပေဝါသနာရှင်၊ အလှူရှင်များက စာကြည့်တိုက်အဆောက်အအုံပေါ်ထွန်းရေး၊ ပရိဘောဂပြည့်စုံရေးနှင့် စာအုပ်စာစောင်များဖြည့်တင်းရေးတို့ကို ဆွေးနွေးကြသည်။ (ခရိုင် ပြန်/ဆက်)

မန်စီ၌ စီမံကိန်းတာဝန်ပေးအပ်

ကချင်ပြည်နယ် ဗန်းမော်ခရိုင် မန်စီမြို့နယ်၏ ၂၀၀၉-၂၀၁၀ ခုနှစ်အတွက် အဓိကသီးနှံ ၁၀ မျိုး စိုက်ပျိုးရန်နှင့် ကဏ္ဍအလိုက် စီမံကိန်းတာဝန်ပေးအပ်ပွဲကို မေ ၂၁ရက် နံနက် ၁၀ နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ခန်းမ၌ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌဦးစိုးသန်းက စီမံကိန်းတာဝန်ပေးအပ်လွှာများပေးအပ်ရာ သက်ဆိုင်ရာဌာနဆိုင်ရာတာဝန်ရှိသူများက လက်ခံယူသည်။ (မြို့နယ် ပြန်/ဆက်)

မင်းတပ် လေးကောင်းကျေးရွာသို့ ပညာရေးငွေလှူ

မင်းတပ်မြို့နယ် လေးကောင်းကျေးရွာသို့ ပညာရေးငွေပဒေသာပင် အလှူငွေပေးအပ်လှူဒါန်းပွဲကို မေ ၂၀ ရက် နံနက် ၉ နာရီခွဲက လေးကောင်းရွာ အခြေခံပညာမူလတန်းကျောင်း၌ကျင်းပရာ ရန်ကုန်မြို့မှ အလှူရှင်က ငွေပဒေသာပင်အတွက် လှူဒါန်းငွေကျပ် ၁၅သိန်းကို ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာကြီးက လက်ခံယူသည်။ (မြို့နယ် ပြန်/ဆက်)

ကြက်ခြေနီနေ့ဂုဏ်ပြု မန္တလေး၌ သွေးလှူ

ကြက်ခြေနီနေ့ကိုဂုဏ်ပြုသောအားဖြင့် မန္တလေး အမျိုးသားသွေးလှူဘဏ်တွင် စုပေါင်းသွေးလှူပွဲကို မေ ၆ ရက်ကကျင်းပရာ စစ်ကိုင်းတိုင်း မြင်းမူမြို့နယ် ကြက်ခြေနီတပ်ဖွဲ့များက သွေးအိတ် ၃၅အိတ် ပေးလှူမှုကို သွေးလှူဘဏ်တာဝန်ခံ ရောဂါဗေဒဆရာဝန်ကြီး ဒေါက်တာခင်စိန်ဝင်းက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာကို မြင်းမူမြို့နယ် ကြက်ခြေနီသူနာပြုတပ်ရင်း ဒုတိယတပ်ရင်းမှူး ဦးစိုးမင်းအောင်က လက်ခံသည်။ (ဝ၉၂)

မိုးကောင်း၌ အရန်မီးသတ် အကြပ်ကြီးသင်တန်းဆင်း

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် မီးဘေးတားဆီးရေးကြီးကြပ်မှုကော်မတီနှင့် မြို့နယ်အရန်မီးသတ်တပ်ရင်းတို့ ပူးပေါင်းဖွင့်လှစ်သည့် အရန်မီးသတ်အကြပ်ကြီး၊ ယာဉ်မောင်းနှင့် စစ်အခြေခံမွမ်းမံသင်တန်းအမှတ်စဉ်(၁/၂၀၀၉)ဆင်းပွဲကို မေ ၄ရက် နံနက် ၁၀ နာရီက အမှတ် (၁)အခြေခံပညာအထက်တန်းကျောင်း မဏ္ဍပ်သဘင်ခန်းမ၌ ကျင်းပရာ မြို့နယ်အရန်မီးသတ်တပ်ရင်း ဒုတိယတပ်ရင်းမှူး ဦးဆိုင်းနော်က အမှာစကားပြောကြားပြီး ဒုတိယမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲအုပ်ခင်မောင်ဇော်က သင်တန်းထူးချွန်သူများ ချီးမြှင့်ပေးအပ်သည်။ (၀၀၁)

ကြက်ခြေနီအသင်းမှ ပံ့ပိုးပစ္စည်းများ လှူဒါန်း

နေပြည်တော်လယ်ဝေးမြို့နယ် သော်မှော်ကုန်းကျေးရွာနှင့်ကန်သာကျေးရွာ မီးဘေးသင့် အိမ်ထောင်စုများသို့ မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ပေးပို့လှူဒါန်းသည့် ပံ့ပိုးပစ္စည်းများပေးအပ်ပွဲကို ဧပြီ ၁၉ရက် နံနက် ၁၀နာရီက သော်မှော်ကုန်းကျေးရွာ အခြေခံပညာမူလတန်းကျောင်းခန်းမ၌ ကျင်းပရာ နေပြည်တော်လယ်ဝေး မြို့နယ် ကြက်ခြေနီတပ်ဖွဲ့ ဒုတိယတပ်ရင်းမှူး ဦးတင်ငွေနှင့်တာဝန်ရှိသူများက မီးဘေးသင့် အိမ်ထောင်စုများသို့ ပံ့ပိုးပစ္စည်း ၁၇ မျိုးနှင့် ဆန်များ ပေးအပ်လှူဒါန်းသည်။ (ဝ၈၃)

အင်းတော်၌ အထူးဈေးရောင်းပွဲ ကျင်းပ

အမှတ်(၁)စက်မှုဝန်ကြီးဌာန အထူးဈေးရောင်းပွဲတော်(အင်းတော်)ဖွင့်ပွဲကို စစ်ကိုင်းတိုင်း ကသာခရိုင် အင်းတော်မြို့နယ် မြအင်းသာခန်းမ၌ မေ ၁၃ရက် နံနက် ၈နာရီက ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်ဝင်းနှင့် အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့ဆေးဝါးလုပ်ငန်းစက်ရုံ(စစ်ကိုင်း) လက်ထောက်စက်ရုံမှူး ဦးအောင်ဆန်းမြင့်ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ (မြို့နယ် ပြန်/ဆက်)

တိုင်းမှူး ဗိုလ်ချုပ်တင်ငွေနှင့် ဝန်ကြီး ဦးအောင်သောင်း ကျောက်ဆည်မြို့နယ်ရှိ ကျေးရွာပြည်သူများအားတွေ့ဆုံ

နေပြည်တော် မေ ၂၆

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်တင်ငွေနှင့် အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းတို့သည် မေ ၂၂ ရက်က ကျောက်ဆည်မြို့နယ် ကျောက်ဆောက်ကုန်းကျေးရွာ၌ ကျောက်ဆောက်ကုန်း၊ ဒန်းတိုင်၊ ကျောက်မဆစ်၊ လက်ပန်နှင့် ကျောက်ဆောက်ကလေးကျေးရွာများမှ ပြည်သူများအား တွေ့ဆုံ၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကြပြီး ဆန်နှင့် ထောက်ပံ့ငွေများကို ပေးအပ်ကြသည်။ (အပေါ်ပုံ)

ထောက်ပံ့ငွေပေးအပ်

ထို့နောက် တိုင်းမှူးနှင့်ဝန်ကြီးတို့သည် ကျောက်ဆည်မြို့နယ် ဒွေးလှအခြေခံပညာ အလယ်တန်းကျောင်းခဲ့သို့ ရောက်ရှိကြပြီး ကျီးအိပ်၊ ကောင်းတင်၊ ရွာတော်၊ ရှားပင်၊ ဒွေးလှကျေးရွာများမှ ဒေသခံပြည်သူများအား အားပေးစကားပြောကြား၍ ဆန်နှင့် ထောက်ပံ့ငွေများ ပေးအပ်သည်။

ဖြည့်ဆည်းပေး

ယင်းနောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် စဥ့်ကိုင်မြို့နယ် တဘက်ဆွဲကျေးရွာသို့ရောက်ရှိပြီး တဘက်ဆွဲ၊ အနောက်ရွာသစ်နှင့် မြေတော်ကျေးရွာတို့မှ ဒေသခံပြည်သူများကို အားပေးစကားပြောကြား၍ လိုအပ်သည်များ ဖြည့်ဆည်းပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

လျှပ်စစ်သုံးလျှင်
သတိယှဉ်
ဝန်အားမမျှ
မသုံးရ

အမှတ်(၁)လယ်ယာသုံး စက်ကိရိယာထုတ်လုပ်ရေးစက်ရုံ လယ်ယာ/ဆည်မြောင်းဝန်ကြီး ဗိုလ်ချုပ်ဌေးဦး ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၂၆

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးသည် မေ ၂၄ ရက် မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် (၉)မိုင်ရှိ အမှတ်(၁) လယ်ယာသုံး စက်ကိရိယာထုတ်လုပ်ရေး စက်ရုံသို့ရောက်ရှိပြီး စက်ရုံက တီထွင်ထုတ်လုပ်ထားသော စက်ပစ္စည်းကိရိယာများ၊ လယ်ယာ(၁၆) လက်တွန်းထွန်စက် ထုတ်လုပ်တပ်ဆင်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။ (အပေါ်ယာပုံ)

ကြည့်ရှုစစ်ဆေး

ရှေးဦးစွာ ဝန်ကြီးသည် မြင်းကောင်ရေ (၂၈)ကောင်အားရှိသည့် လယ်ထွန်စက်နှင့် တွဲဖက်အသုံးပြုနိုင်သည့် တွင်းတူးလွန်သွား၊ ဒါးစက်ထွန်၊ သုံးသွားထယ်၊ မြောင်းဖော်ကိရိယာတို့ကိုလည်းကောင်း၊ မြင်းကောင်ရေ(၇၀)နှင့် မြင်းကောင်ရေ (၈၀) အားရှိ လယ်ထွန်စက်ကြီးနှင့် တွဲဖက် အသုံးပြုနိုင်သော မြောင်းဖော်ကိရိယာနှစ်မျိုး၏ လုပ်ငန်းစွမ်းဆောင်ရည် ဆောင်ရွက်နိုင်မှုတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

အရောင်းမြှင့်တင်ရေး

ထို့နောက် စက်မှုလယ်ယာဦးစီးဌာနက ပြည်နယ်နှင့် တိုင်း/ခရိုင်၊ မြို့နယ်များသို့ နယ်လှည့် အရောင်းမြှင့်တင်ရေးဆောင်ရွက်ရန် ထွက်ခွာမည့် နောက်တွဲထွေလာများပေါ်ရှိ စက်ရုံထုတ် လယ်ယာသုံး စက်ကိရိယာများနှင့် လက်တွန်းထွန်စက် ထုတ်လုပ်ရေးစက်ရုံက ထုတ်လုပ်သည့် မျိုးဆက်သစ်လယ်ယာ (၂၀၀၉) လက်တွန်းလယ်ထွန်စက်များကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

မွမ်းမံပြုပြင်

အဆိုပါ မျိုးဆက်သစ် လယ်ယာ (၂၀၀၉) လက်တွန်းထွန်စက်မှာ ယခင် လယ်ယာ(၁၆) လက်တွန်းထွန်စက်၏ အားနည်းချက်များကိုပြုပြင်၍ တောင်သူလယ်သမားများ၏ လိုအပ်ချက်များအတိုင်း ပြုပြင်ထုတ်လုပ်ထားသဖြင့် လုပ်ငန်းဆောင်ရွက်ရာတွင် လွယ်ကူသက်သာပြီး စက်အရည်အသွေးကိုလည်း မွမ်းမံပြုပြင်ထားသဖြင့် ကြံ့ခိုင်မှုရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဇီဝဘက်ထရီ ပြုလုပ်ပုံနည်းစနစ် လက်တွေ့ပြသ

နောင်ချို မေ ၂၆

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲခရိုင် နောင်ချိုမြို့နယ် အန့်တွေးကျေးရွာအုပ်စု ကုံကော်ရွာ(အမက)၌ မေ ၁၃ ရက် မွန်းလွဲပိုင်းက ဇီဝဘက်ထရီပြုလုပ်ပုံနည်းစနစ် လက်တွေ့ပြသခြင်းနှင့် ပြုလုပ်ပြီး ဇီဝဘက်ထရီများ ပေးအပ်ပွဲအခမ်းအနား ကျင်းပသည်။

လက်တွေ့ပြုလုပ်

အခမ်းအနားသို့ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်လေးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကျော်နှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့် ကျေးရွာသူကျေးရွာသားများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဇီဝဘက်ထရီ လက်တွေ့ပြုလုပ်ပြသပြီး ဇီဝဘက်ထရီအိုး အလုံး ၇၀ အား ဘန့်ဘွေးတိုက်နယ်အတွင်းရှိ ကျေးရွာ ၄၉ ရွာသို့ ပေးအပ်ခဲ့သည်။ (မြို့နယ် ပြန်/ဆက်)

မြင်းမူမြို့နယ် ကျေးရွာချင်းဆက်လမ်းဖောက်လုပ်

မြင်းမူ မေ ၂၆

မြင်းမူမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကူညီပံ့ပိုးမှုဖြင့် ဝွေးပင်တောမှ လက်ပံစံပြကျေးရွာအထိ ကျေးရွာချင်းဆက် မြေသားလမ်းအား ခွင့်ပြုရန်ပုံငွေကျပ် ၇၈၆၃၀၀၀ ဖြင့် ၂/၄ မိုင်၊ ကျေးရွာပြည်သူများ ပူးပေါင်းမှုဖြင့် ၁/၀ မိုင် စုစုပေါင်း ၃/၄ မိုင်ကို စက်ယန္တရားများဖြင့် ဆောင်ရွက်ခဲ့ရာ အမှုဆောင်အရာရှိ ဦးသန်းဇော်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဝင်းနွယ်တို့ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ခဲ့သည်။ (မြို့နယ်စည်ပင်)

ခန္တီး၌ စာကြည့်တိုက်ပညာဆင့်ပွားသင်တန်းဖွင့်

ခန္တီး မေ ၂၆

ခန္တီးမြို့နယ် စိန်နန်းကျေးရွာ ပွင့်သစ်စစာကြည့်တိုက်၌ စာကြည့်တိုက်ပညာရပ် ဆင့်ပွားသင်တန်းအမှတ်စဉ် (၁၁/၀၉)ဖွင့်ပွဲကို မေ ၂၀ ရက် နံနက် ၉ နာရီက ကျင်းပရာ မြို့နယ်ဦးစီးမှူး ဦးမြင့်သိန်းစိုးက စာကြည့်တိုက်ပညာရပ် ဆင့်ပွားသင်တန်း ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းဟောပြောပြီး စာကြည့်တိုက်ပညာရပ်များကို သင်ကြားပို့ချပေးသည်။ (ခရိုင် ပြန်/ဆက်)

အမှာစကား ပြောကြား

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ စက်မှုလယ်ယာစံပြစိုက်ပျိုးရေးအထူးဇုန် လုပ်ငန်းညှိနှိုင်းအစည်းအဝေး၌ အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

စက်မှုလယ်ယာစံပြစိုက်ပျိုးရေး အထူးဇုန် လုပ်ငန်းညှိနှိုင်းစည်းဝေး ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်မှာကြား

ရန်ကုန် မေ ၂၆

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့ လိုက်ပါလျက် ယနေ့နံနက် ၁၀နာရီခွဲတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် စက်မှုလယ်ယာစံပြစိုက်ပျိုးရေး အထူးဇုန်(၁) အကွက်အမှတ်(၁)ရှိ ဒဂုန်အင်တာနေရှင်နယ်လီမိတက် စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိရာ တာဝန်ရှိသူက စပါးမျိုးကောင်းမျိုးသန့်များ စိုက်ပျိုးထုတ်လုပ်ရေးအတွက် ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက ဖြည့်စွက်တင်ပြကာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက လိုအပ်သည်များကို မှာကြားသည်။

လှည့်လည်ကြည့်ရှု

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေသည် စက်မှုလယ်ယာစံပြစိုက်ပျိုးရေး အထူးဇုန် (၁)နှင့်(၂)တို့၌ မိုးစပါးစိုက်ပျိုးရေးအတွက် မြေထွန်ယက်ပြီးစီးမှုနှင့် စပါးပျိုးခင်းများ စိုက်ပျိုးပြီးစီးမှုအခြေအနေများကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် စက်မှုလယ်ယာစံပြစိုက်ပျိုးရေး အထူးဇုန်(၂) အကွက်(၂)ရှိ ရွှေနဂါးမင်း ကုမ္ပဏီလီမိတက် စီမံကိန်းရှင်းလင်းဆောင်၌ စက်မှုလယ်ယာစံပြစိုက်ပျိုးရေး အထူးဇုန် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ကျင်းပရာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက စက်မှုလယ်ယာ စံပြစိုက်ပျိုးရေးအထူးဇုန်၌ လယ်မြေဧက ၁၀၀၀၀ခန့်ကို မိုးစပါးအပြည့်အဝ စိုက်ပျိုးရေး မှာကြားသည်။

ကြိုးပမ်းဆောင်ရွက်

ဆက်လက်၍ တိုင်းမှူးက နွေစပါး အချိန်မီစိုက်ပျိုးရေးအတွက် မိုးစပါးကို ယခုအချိန်က စတင်စိုက်ပျိုးပြီး ဇွန်လကုန်တွင် ထွန်တုံးပိတ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားရန် ပြောကြားသည်။

ယင်းနောက် မြို့တော်ဝန်က မိုးစပါးစိုက်ပျိုးရေးအတွက် လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ဖြည့်ဆည်းဆောင်ရွက်

ထို့နောက် တက်ရောက်လာကြသည့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် လုပ်ငန်းရှင်များ၊ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် တိုင်းမှူးတို့က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးပြီး လိုအပ်သည်များကို မှာကြားသည်။

အစည်းအဝေးအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် လယ်မြေများ ထွန်ယက်နေမှုနှင့် မြေလွတ်မြေလပ်များ၌ ရာသီသီးနှံများစိုက်ပျိုးထားမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် အထူးဇုန်(၂) အကွက်အမှတ်(၉) အနီးသို့ ရောက်ရှိပြီး ကွန်ကရစ်တံတား တည်ဆောက်ရန်အတွက် မြေတူးဖော်ထားရှိမှုကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

● *ကျောဖုံးမှ*

မိုးသားတိမ်တိုက် နောက်ခံများဖြင့် ရှုမောဖွယ်ပန်းချီကားချပ်ပမာမြင်တွေ့ရသည်။ ဝန်ထမ်းအလုပ်သမားတစ်စုက တမံပေါင် အနားသတ်တွင် ပေါက်ရောက်နေသော မြက်ပင်များကို ရှင်းလင်းဖယ်ရှားနေသည်ကိုတွေ့မြင်ရ၍ ကားကိုခေတ္တရပ်ပြီး အောက်သို့ ဆင်းကြည့်မိသည်။

ဆည်ရေပေးဝေ

သဲဖြူရေလှောင်တမံ (ထိန်းသိမ်းရေးယာယီတာဝန်ခံ) ဦးတင်စိုးဦး (ဦးစီးအရာရှိ)အား တွေ့ဆုံ၍ မေးမြန်းကြည့်ရာ “နေပြည်တော် လယ်ဝေးမြို့နယ် ရေပြာရိုးရွာ၏ အနောက်မြောက်ဘက် သုံးမိုင်ခွဲခန့်အကွာ သဲဖြူချောင်းကိုပိတ်၍ တည်ဆောက်ထားခြင်းဖြစ်ကြောင်း၊ လယ်ဝေးမြို့နယ်အတွင်းရှိ ကြံစိုက်ဧက ၅၀၀နှင့် လယ်မြေဧက ၇၀၀ရေပေးဝေနိုင်ရန်နှင့် ပိုလျှံရေအား ရေနီကျောက်အိုး ရေလွှဲဆည်သို့ ရေဖြည့်ကူပေးပြီး ရေလွှဲဆည်၏ ရေသောက်ဧရိယာအတွင်းမှ စိုက်ဧကများ၏ စိုက်ပျိုးရေရရှိမှုကိုပါ အထောက်အကူပြုနိုင်ရန် ဖြစ်ပါကြောင်း၊ လျာထားသတ်မှတ်ချက်အတိုင်း ရာနှုန်းပြည့် ဆောင်ရွက်နိုင်သည့်အပြင် ယနေ့ ၁၉-၅-၂၀၀၉ရက်အထိ နွေစပါး အောင်ရေများ ပေးဝေပြီးသည့်တိုင် ကန်တွင်းရေမှတ် ၄၁၄ ဒသမ ၅၀ ရှိသဖြင့် ရေသိုလှောင်ထားမှုပမာဏ ၈၆၈၇ ဧကပေ ကျန်ရှိနေသေးပါကြောင်း၊ ၁၅-၁-၂၀၀၉ရက်မှ ၃၀-၄-၂၀၀၉ ရက်အထိ နွေစပါးရာသီ ကာလတွင် နွေစပါး ဧက ၅၀၀ ဆည်ရေပေးရန်သတ်မှတ်ထားပြီး ၃၄၈ ဧကကို ရေပေးဝေကာ အောင်ရေများ ဆက်လက်ပေးလျက် ရှိကြောင်း၊ ၂၀၀၉-၂၀၁၀ ခုနှစ် မိုးစပါး ၁၀၉ဧကကို ဆည်ရေပေးဝေမည်ဖြစ်ပါကြောင်း”ဖြင့် မြန်မာ့အလင်းသို့ ရှင်းပြသည်။

သဲဖြူရေလှောင်တမံသည် မြေသားတမံအမျိုးအစားဖြစ်ပြီး ပင်မတမံမှာ အလျား ပေ၂၆၅၀၊ အမြင့် ပေ၆၀ရှိသည်။ ကုန်းကြောတမံနှစ်ခုမှာ အလျား ပေ၃၈၀၊ အမြင့် ပေ၃၀ရှိသည်။ ဆည်ရေပေးဝေသည့် တူးမြောင်းတမံကြီး အလျားမှာ ပေ ၁၂၈၀၀နှင့် တူးမြောင်းအဆောက်အအုံပေါင်း ၉၈ ခုရှိသည်။ နှစ်စဉ်ပျမ်းမျှမိုးရေချိန်မှာ လက်မ၅၀ရှိသဖြင့် ပျမ်းမျှစီးဝင်ရေသည် ဧကပေ ၆၉၀၀ ရှိပြီး ကန်ရေပြည့် ၈၇၁၈ ဧကပေ ရေသိုလှောင်နိုင်သည်။

ဧကစိုက်ပြီး

နေပြည်တော်လယ်ဝေး အနောက်ဘက် ယခုဆည်ရေပေးဝေနေသည့် ကြို့ကုန်း၊ မီးလောင်ကုန်း၊ ရဘိန်း၊ ရှားချောင်းကျေးရွာများမှာ ယခင်က ဆည်ရေမရသဖြင့် ကြံစိုက်ယာခင်းများဖြစ်ခဲ့သည်။ ယခုအခါ မိုးရာနွေပါ လိုသလို ဆည်ရေရပြီဖြစ်၍ အလေ့ကျပေါက်ရောက်နေသော အင်တိုင်းတောများကို ခုတ်ထွင်ပြုပြင်ရှင်းလင်းပြီး စပါးစိုက်ပျိုးလာကြပြီဖြစ်သည်။ ၂၀၀၈-၂၀၀၉ နွေစပါးစိုက်ရာသီတွင် ဧက ၅၀၀ စိုက်ပျိုးရန် လျာထားသတ်မှတ်ထားရာ ၃၄၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်းသိရသည်။

စွမ်းစွမ်းတမံ ကြိုးပမ်းလုပ်ဆောင်

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံဖြစ်သည့်အလျောက် မြန်မာပြည်တစ်နံတစ်လျား မြေညီချိုင့်ဝှမ်း၊ တောင်ကုန်း၊ မြေမြင့်မကျန် စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားလာစေရေးအတွက် နိုင်ငံတော်က ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် စွမ်းစွမ်းတမံ ကြိုးပမ်းလုပ်ဆောင်လျက်ရှိရာ ပဲခူးရိုးမ အရှေ့ခြမ်းဒေသများ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် နေပြည်တော်လယ်ဝေးမှ လယ်ယာမြေဧက ၁၂၀၀ကို ဆည်ရေပေးဝေနေသည့် သဲဖြူရေလှောင်တမံစီမံကိန်းသည်လည်း တောင်သူတစ်ဦးချင်း ဝင်ငွေတိုးပွားကာ ဒေသတွင်း လူနေစီးပွား ဘဝ မြင့်မားလာစေပြီး နိုင်ငံတော်အတွက်လည်း အကျိုးဖြစ်ထွန်းစေမည့် ပြယုဂ်တစ်ခုပင်ဖြစ်ပါကြောင်း ကွင်းဆင်းရေးသား တင်ပြလိုက်ရပါကြောင်း။ ။

(မြန်မာ့အလင်း)

သိုလှောင်ပမာဏထက် ပိုလျှံလာလျှင် ရေထုတ်ပေးမည့် သဲဖြူရေလှောင်တမံ၏ ရေပိုလွှဲကို ဤသို့တွေ့ရသည်။
(မြန်မာ့အလင်း)

လယ်ယာမြေဧက ၁၂၀၀ကို ဆည်ရေပေးဝေနေသည့် နေပြည်တော်လယ်ဝေးမှ “သဲဖြူ ရေလှောင်တမံ”၏ ဆည်ရေဖွေးဖွေး ရေသိုလှောင်ထားရှိမှုကို မေ ၁၉ရက်က ဤသို့တွေ့ခဲ့ရသည်။ (မြန်မာ့အလင်း)

27-5 (11).pmd 1 5/27/2009, 2:45 AM

မန်ယူနဲ့ ဘာစီလိုနာ ချန်ပီယံဘယ်သူလဲ

စုစည်းတင်ပြသူ - မောင်မောင်မြင့်ဆွေ စာမျက်နှာဖွဲ့စည်းမှု - ဝင်းချို (မြန်မာ့အလင်း)

လန်ဒန် မေ ၂၆

ချန်ပီယံလိဂ်ဖလားနောက်ဆုံးဗိုလ်လုပွဲကို ယှဉ်ပြိုင်ကစားဖို့အတွက် အီတလီနိုင်ငံ ရောမမြို့ကို မန်ယူနဲ့ ဘာစီလိုနာအသင်းတွေ ရောက်ရှိနေကြပြီဖြစ်ပါတယ်။ (မေ ၂၈ရက် မြန်မာစံတော်ချိန် နံနက် ၁း၁၅နာရီ)မှာ စတင်ကစားကြမယ့် ချန်ပီယံလိဂ်ဖလား နောက်ဆုံးဗိုလ်လုပွဲကို အီတလီနိုင်ငံ ရောမမြို့ အိုလံပီကို အားကစားကွင်းမှာဆိုပေမယ့် ဘာစီလိုနာက အိမ်ရှင်သဘောမျိုးနဲ့ကစားမှာ ဖြစ်ပါတယ်။

ဖာဂူဆန်

ချန်ပီယံလိဂ်ဖလားကို ဒီနှစ်ရာသီအစကတည်းက ကာကွယ်မယ်လို့ပြောကြားခဲ့တဲ့ ဖာဂူဆန်အတွက် သူ့ရဲ့အိပ်မက်ကိုလက်တွေ့ ကျကျအကောင်အထည်ဖော်ဖို့ မန်ယူဘောလုံးသမားတွေနဲ့အတူ ကြိုကြိုတင်တင်နဲ့ မေ ၂၅ ရက်ကတည်းက ရောမမြို့ကို ရောက်ရှိ နေခဲ့တာဖြစ်ပါတယ်။ ရောမမြို့ရောက်ရောက်ချင်းမှာပဲ သတင်းထောက်တွေကို ဖာဂူဆန်က ''မိမိတို့ မန်ယူအသင်းဟာ တိုက်စစ်ဖွင့်ပြီး လက်ရှိချန်ပီယံဆိုတဲ့ ဂုဏ်ဒြပ်နဲ့အညီ သိက္ခာရှိရှိ အနိုင်ယူကစားသွားမယ်ဆိုတာ အားလုံးမြင်တွေ့ကြမှာပါလို့'' ပြောကြားခဲ့ပါတယ်။

မန်ယူကစားသမားများ

ဘာစီလိုနာနဲ့ယှဉ်ပြိုင်ကစားမယ့်ပွဲမှာ မန်ယူကစားသမားတွေ ပါဝင်ကစားမယ့်အနေ အထားကိုကြည့်ရင် ပွဲအစကတည်းက စီရိုနယ်ဒို၊ ရွန်နေနဲ့ ဘာဘာတော့ဗ်တို့ တိုက်စစ်အတွဲကို ဖျူဟာပြောင်းပြီး ပွဲထုတ်မှာဖြစ်ပါတယ်။ နောက်တန်းခံစစ်မှူးတွေဖြစ်တဲ့ ဗီဒစ်နဲ့ဖာဒီနန်တို့လည်း ကြံ့ခိုင်မှုအပြည့်နဲ့ ပါဝင်ကစားမှာဖြစ်ပါတယ်။ ဒ့ါအပြင် အီဗန်လည်း ပါဝင်ကစားဖို့ရှိနေပါတယ်။ အလယ်တန်းမှာ ပေါလ်စခိုးကို အချိန်ပိုင်းဝင်ကစားဖို့ ဖာဂူဆန်စီစဉ်ထားပါတယ်။

ဖာဂူဆန်အနေနဲ့ ဒီပွဲမှာ ၄-၅-၁ အခင်းအကျင်းနဲ့ ဂိုး-ဗန်ဒါးဆား၊ နောက်တန်း-အိုရှေး၊ ဗီဒစ်၊ ဖာဒီနန်နဲ့ အီဗရာ၊ အလယ်တန်း-ဂစ်၊ ကာရစ်၊ အန်ဒါဆန်၊ ရွန်နေနဲ့ ပတ်ဂျီဆန်၊ ရှေ့တန်း-တိုက်စစ်မြားဦးအနေနဲ့ စီရိုနယ်ဒိုကို ထားရှိကစားဖို့ စီစဉ်ထားပါတယ်။ မန်ယူအသင်းမှာ ဒဏ်ရာရကစားသမားတွေမရှိဘူးလို့ မန်ယူကလပ်က သတင်းထုတ်ပြန်ခဲ့ပါတယ်။

မန်ယူအသင်းဟာ ရောမမြို့ကို နှစ်ရက်ကြိုတင်ရောက်ရှိနေပြီး လေ့ကျင့်မှုပြုလုပ်နေချိန်မှာရော၊ မန်ယူအသင်း တည်းခိုရာ ဟိုတယ်ပတ်ဝန်းကျင်မှာပါ လုံခြုံရေးရဲတပ်ဖွဲ့ဝင်တွေ အပြည့်ချထားပေးပါတယ်။

ဘာစီလိုနာ

မန်ယူနဲ့ယှဉ်ပြိုင်ကစားမယ့် ဘာစီလိုနာအသင်းကတော့ ရောမမြို့ကို မေ၂၆ရက် နံနက်မှာ ရောက်ရှိလာပါတယ်။ ဘာစီလိုနာအသင်းဟာ မန်ယူလက်ထဲက ချန်ပီယံလိဂ်ဖလားကိုရယူဖို့အတွက် အသက် ၃၈နှစ်အရွယ်ရှိတဲ့ နည်းပြဂွာဒီရိုလာက အစွမ်းကုန်ပြင်ဆင်လာပါတယ်။

ရောမမြို့ကို ရောက်ရောက်ချင်းမှာပဲ သတင်းထောက်တွေကို နည်းပြ ဂွာဒီယိုလာက ''ဘာစီလိုနာအသင်းဟာ ချန်ပီယံလိဂ်ဖလားရယူနိုင်တဲ့ ခြေစွမ်းရှိတယ်ဆိုတာ မြင်တွေ့ရတော့မှာပါ။ မိမိရဲ့အသင်းမှာ ခြေစွမ်းထက်မြက်တဲ့ ကမ္ဘာ့အဆင့်မီ ဘောလုံးသမားတွေ အများကြီး ပါဝင်လာပါတယ်လို့'' ထုတ်ဖော်ပြောကြားပါတယ်။

ဘာစီလိုနာ ဘောလုံးသမားများ

မန်ယူနဲ့ယှဉ်ပြိုင်ကစားမယ့် ဘာစီလိုနာအသင်းမှာတော့ အဘီဒယ်၊ အဲလ်ဗတ်စ်နဲ့ ရာဖေးလ်မာကွတ်ဇ်တို့ ဒဏ်ရာတွေရရှိထားလို့ ပါဝင်မကစားနိုင်ပါဘူး။ ဒါပေမယ့် အင်နီယေစတာနဲ့ အွန်နရီတို့ ဒဏ်ရာကသက်သာပြီး ပါဝင်ကစားကြမယ်လို့ ဆိုပါတယ်။

နည်းပြဂွာဒီယိုလာကတော့ မန်ယူကို ရင်ဆိုင်ကစားဖို့ ၄-၃-၃ ဖျူဟာနဲ့ ပွဲထွက်မယ်လို့ ပြောကြားနေပါတယ်။ ဘာစီလိုနာရဲ့ ပထမပွဲထွက်လူစာရင်းကိုကြည့်ရင် ဂိုး-ဗာလ်ဒက်စ်၊ နောက်တန်း-ပူယိုးလ်၊ တိုရေး၊ ပီကေးနဲ့ ဆာဗင်ဟိုတို့ ပါဝင်ကစားကြမှာဖြစ်ပါတယ်။ ကွင်းလယ်မှာ ဆာဗီး၊ ဘတ်စ်ကွက်စ်နဲ့ အင်နီယေစတာတို့ ကစားမှာဖြစ်သလို ရှေ့တန်းမှာ မက်ဆီ၊ အီတူးနဲ့ အွန်နရီတို့ ပါဝင်ကစားကြမှာဖြစ်တယ်လို့ ဘာစီလိုနာကလပ်က သတင်းထုတ်ပြန်ထားပါတယ်။

ပရိသတ်အနေအထား

ရောမမြို့မှာ ဒီနေ့အထိမန်ယူပရိသတ် ၃၀၀၀၀ ကျော် ရောက်ရှိနေသလို ဘာစီလိုနာ ပရိသတ် ၂၀၀၀၀ လောက် ရောက်ရှိနေကြပြီဖြစ်ပါတယ်။ အားပေးမယ့် ပရိသတ်တွေဟာ မန်ယူနဲ့ ဘာစီလိုနာအသင်း အမှတ်တံဆိပ်ရိုက်နှိပ်ထားတဲ့ ဂျာစီအင်္ကျီတွေ ဝတ်ဆင်ပြီး သွားလာနေကြတာမို့ ပြဿနာတစ်စုံတစ်ရာ မဖြစ်ပွားအောင် ရောမမြို့မှာရှိတဲ့ လုံခြုံရေးတပ်ဖွဲ့ဝင်တွေအပြင် အခြားမြို့တွေက လုံခြုံရေးရဲတပ်ဖွဲ့ဝင်တွေကို အင်အားဖြည့် ခေါ်ယူထားပါတယ်။ လုံခြုံရေးအရာရှိတွေကတော့ ပရိသတ်တွေအချင်းချင်း ပြဿနာမဖြစ်ပွားအောင် ထိန်းသိမ်းသွားမယ်လို့ ပြောကြားနေကြပြီး ၂၄ နာရီအချိန်ပြည့် တာဝန်ယူ စောင့်ကြပ်လျက်ရှိပါတယ်။

အီတလီပရိသတ်တွေနဲ့ မြို့ခံဖြစ်တဲ့ ရောမမြို့ပရိသတ်တွေကတော့ နှစ်သင်းစလုံးကို အားပေးမှုရှိတယ်ဆိုပေမယ့် ဘာစီလိုနာအသင်းကို အားပေးမယ့်ပရိသတ်က ပိုများတယ်လို့ ဆိုပါတယ်။ ဒါပေမယ့် ပရိသတ်အနေအထားကွာခြားမှု သိပ်တော့မရှိဘူးလို့ စစ်တမ်းကောက်ယူမှုတွေအရ သိရပါတယ်။

ဒါကြောင့် အသက် ၆၇ နှစ်အရွယ်ရှိပြီဖြစ်တဲ့ မန်ယူနည်းပြကြီးဖာဂူဆန်နဲ့ အသက် ၃၈ နှစ်အရွယ်ရှိတဲ့ ဂွာဒီယိုလာတို့ရဲ့ ဖျူဟာအခင်းအကျင်း၊ စီရိုနယ်ဒိုနဲ့ မက်ဆီတို့ရဲ့ အားပြိုင်မှုတွေကို မကြာခင်မြင်တွေ့ရတော့မှာဖြစ်ပါတယ်။

ဒီပွဲမှာ မန်ယူအသင်းအောင်ပွဲခံခဲ့ရင်တော့ ချန်ပီယံလိဂ်သမိုင်းမှာ အသက်အကြီးဆုံးနည်းပြတစ်ဦးရဲ့ နှစ်နှစ်ဆက်တိုက် ချန်ပီယံလိဂ်ဖလားရယူနိုင်ခဲ့တယ်ဆိုတဲ့သမိုင်းမှတ်တမ်းသစ်ကို ဖွင့်လှစ်ရေးထိုးနိုင်မှာဖြစ်ပါကြောင်း တင်ပြလိုက်ရပါတယ်။ ။

(မြန်မာ့အလင်း)

ချန်ပီယံလိဂ်ဗိုလ်လုပွဲရောက် မန်ယူနှင့် ဘာစီလိုနာတို့ ဆုံတွေ့ခဲ့မှုမှတ်တမ်း

ခုနှစ်	ဆုံတွေ့ပွဲစဉ်	ပြိုင်ပွဲ
၁၉၈၃-၁၉၈၄	ဘာစီလိုနာ ၂-၀ မန်ယူ မန်ယူ ၃-၀ ဘာစီလိုနာ	Cup Winners Cup Cup Winners Cup
၁၉၉၁	မန်ယူ ၂-၁ ဘာစီလိုနာ	Cup Winners Cup (ဗိုလ်လုပွဲ)
၁၉၉၄-၁၉၉၅	ဘာစီလိုနာ ၄-၀ မန်ယူ မန်ယူ ၂-၂ ဘာစီလိုနာ	ချန်ပီယံလိဂ်ဖလား
၁၉၉၈-၁၉၉၉	မန်ယူ ၃-၃ ဘာစီလိုနာ ဘာစီလိုနာ ၃-၃ မန်ယူ	ချန်ပီယံလိဂ်ဖလား
၂၀၀၇-၂၀၀၈	ဘာစီလိုနာ ၀-၀ မန်ယူ မန်ယူ ၁-၀ ဘာစီလိုနာ	ချန်ပီယံလိဂ်ဖလား (အကြိုဗိုလ်လုပွဲ)

၂၀၀၈-၂၀၀၉ ဘောလုံးရာသီ ဆုဖလားရရှိမှု

မန်ယူ - ကမ္ဘာ့ကလပ်ချန်ပီယံဖလား၊ ကားလင်းဖလား၊ ပရီမီယာလိဂ်ဖလား

ဘာစီလိုနာ - လာလီဂါဖလား၊ စပိန်ဘုရင့်ဖလား

နှစ်သင်းစလုံး၏ ကမ္ဘာ့အဆင့်သတ်မှတ်ချက်

မန်ယူ - ＊ ကမ္ဘာ့ကလပ်အသင်းအဆင့်(၁) (၂၀၀၉) IFFHS သတ်မှတ်ချက်

＊ ဥရောပအကောင်းဆုံးကလပ်အသင်းအဆင့်(၃) (၂၀၀၉) UEFA သတ်မှတ်ချက်

ဘာစီလိုနာ - ＊ ကမ္ဘာ့ကလပ်အသင်းအဆင့်(၂) (၂၀၀၉) IFFHS သတ်မှတ်ချက်

＊ ဥရောပအကောင်းဆုံးကလပ်အသင်းအဆင့်(၁) (၂၀၀၉) UEFA သတ်မှတ်ချက်

ကိုးကား-အင်တာနက်

မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း

နှစ်ပတ်လည်အစည်းအဝေး အတွေ့အကြုံရှင်းလင်းပွဲနှင့်ဆုချီးမြှင့်ပွဲ ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့၌ကျင်းပ

လားရှိုး မေ ၂၆

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ (၁၉)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး အတွေ့အကြုံရှင်းလင်းပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး အဆောက်အအုံတွင် မေ၂၄ရက် နံနက်၉နာရီကကျင်းပရာ ရှမ်းပြည်နယ်(မြောက်ပိုင်း) မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ချယ်ရီ တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ပြည်နယ်မိခင်နှင့် ကလေးကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး ကျန်းမာရေးဦးစီးဌာနမှူးကိုယ်စား ဒေါက်တာမြင့်ကျော်က ၂၀၀၉ ခုနှစ်အတွင်း အသင်းများမှဆောင်ရွက်ရမည့် ကျန်းမာရေးလုပ်ငန်းစဉ်များနှင့် ကမ္ဘာ့လူတုပ်ကွေးရောဂါ ကာကွယ်ရေးအတွက် ပြည်နယ်နှင့် နယ်စပ်ဒေသအတွင်း ကြိုတင်ပြင်ဆင်မှုများကို ရှင်းလင်းပြီး တွဲဖက်အတွင်းရေးမှူး ဒေါက်တာနန်းကိန်ဖောင်းတစ်က (၁၉)ကြိမ်မြောက် နှစ်ပတ်လည်ညီလာခံမှချမှတ်သော ဆုံးဖြတ်ချက်(၃)ရပ်နှင့် ရှေ့လုပ်ငန်းစဉ် (၁၂)ရပ်ကို ဖတ်ကြားပြီး ရှမ်းပြည်နယ်(မြောက်ပိုင်း)၏ ၂၀၀၉ ခုနှစ် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်စီမံချက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တွဲဖက်အတွင်းရေးမှူး(၂) ဒေါက်တာခင်နန်းသီက ၂၀၀၈ခုနှစ် ခရိုင်နှင့်မြို့နယ်အသင်းများ၏ အစီရင်ခံစာ ဇယားကွက်များ ဖြည့်ဆည်းထားမှုနှင့်ပတ်သက်၍ ရှင်းလင်းပြီး တက်ရောက်လာကြသော ခရိုင်နှင့်မြို့နယ်အသင်းများမှ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူးများက ပြန်လည်မေးမြန်းဆွေးနွေးကြသည်။

ချီးမြှင့်

ယင်းနောက် မြို့နယ်လှုပ်ရှားထူးချွန်ဆု ပထမ၊ ဒုတိယ၊ တတိယနှင့် ခရိုင်လှုပ်ရှားမှု အကောင်းဆုံးဆုများကို ပြည်နယ်ကြီးကြပ်ဥက္ကဋ္ဌ ဒေါ်ချယ်ရီက ချီးမြှင့်ပြီး အာဟာရစီမံချက်ဝင် မြို့နယ်များသို့ အာဟာရထောက်ပံ့ငွေကျပ်တစ်သိန်းစီ ဆက်လက်ပေးအပ်၍ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို)မှ ပေးအပ်သော ရာသက်ပန်ကတ်နှင့် တံဆိပ်များကို ခရိုင်နှင့်မြို့နယ်အသင်းများသို့ ပေးအပ်ကြောင်းသိရသည်။

(လားရှိုးကိုယ်ပွား)

လေဘေးသင့်ဒေသများ၌ ကျောင်းဆောင်သစ်များ ဆောက်လုပ်လှူဒါန်း

ရန်ကုန် မေ ၂၆

ဧရာဝတီတိုင်းအတွင်းရှိ လေဘေးသင့်ဒေသများသို့ လူမှုရေးအကူအညီများကို ထောက်ပံ့လှူဒါန်းလျက်ရှိသော i Love Myanmar အဖွဲ့မှ ဆောက်လုပ်လှူဒါန်းခဲ့သည့် ဘိုကလေးမြို့နယ် ဒေါင့်ကြီးကျေးရွာအုပ်စု ဒေါင့်ကြီးကျေးရွာ အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားကို မေ၂၀ရက် နံနက်၁၀ နာရီက အဆိုပါကျောင်းဆောင်သစ်ရှေ့၌ ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်

အခမ်းအနားတွင် ဘိုကလေးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် အလှူရှင် မိသားစုများဖြစ်သော Emmanuel Foundation မှ ဒါရိုက်တာ ဦးဒံယယ်လလင်းနှင့် i Love Myanmar အဖွဲ့ ဥက္ကဋ္ဌ ဒေါ်လီဗီဆပ်နိုင်ထန်းတို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး ကျောင်းဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကြသည်။

အဆိုပါ ကျောင်းဆောင်သစ်ကို မုန်တိုင်းကြောင့် ပြိုကျပျက်စီးသွားသော မူလကျောင်းနေရာအနီး၌ ပေ(၈၀×၃၀) လေးခန်းတွဲအဖြစ် ပြန်လည်တည်ဆောက်ပေးခဲ့ခြင်း ဖြစ်သည်။

အုတ်မြစ်စီ

အလားတူ မေ ၂၂ ရက်တွင် လပွတ္တာမြို့နယ် ပြင်စလူမြို့ ဆားကျက် ကျေးရွာအုပ်စု ဆားကျက်ကျေးရွာ အခြေခံပညာ မူလတန်းလွန်ကျောင်း တိုးချဲ့ကျောင်းဆောင်သစ် အုတ်မြစ်စီပွဲ အခမ်းအနားကို နံနက် ၉ နာရီတွင် အဆိုပါ တိုးချဲ့ကျောင်းဆောင်သစ်မြေနေရာ၌ ကျင်းပသည်။

အဆိုပါ တိုးချဲ့ကျောင်းဆောင်သစ်မှာ Bricknogging အမျိုးအစား ကျောင်းဆောင်ဖြစ်ပြီး ပေ(၁၂၀×၃၀) လေးခန်းတွဲ တစ်ထပ်ကျောင်းဆောင်ဖြစ်သည်။ ယင်းတိုးချဲ့ကျောင်းဆောင်သစ်ကို H2 ဆောက်လုပ်ရေးက ယခုနှစ် ကျောင်းဖွင့်ရာသီအတွင်း အပြီးတည်ဆောက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

ထောက်ပံ့လှူဒါန်း

Emmanuel Foundation အောက်ရှိ i Love Myanmar အဖွဲ့သည် ဧရာဝတီတိုင်းအတွင်းရှိ လေဘေးသင့်ဒေသများသို့ လူမှုရေးအကူအညီများကို ထောက်ပံ့လှူဒါန်းလျက်ရှိရာတွင် လူနေအိမ် ၁၂၈၀လုံးနှင့် စာသင်ကျောင်း ၁၈ကျောင်း အပါအဝင် စားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ ဆေးဝါးများ၊ လယ်ယာသုံးပစ္စည်းများနှင့် ရေလုပ်ငန်းသုံးပစ္စည်းများကို ထောက်ပံ့လှူဒါန်းခဲ့ပြီးဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)



i Love Myanmar အဖွဲ့မှ ဆောက်လုပ်လှူဒါန်းသော လပွတ္တာမြို့နယ် ပြင်စလူမြို့ ဆားကျက်ကျေးရွာအုပ်စု ဆားကျက်ကျေးရွာ အခြေခံပညာ မူလတန်းလွန်ကျောင်း တိုးချဲ့ကျောင်းဆောင်သစ် အုတ်မြစ်စီပွဲအခမ်းအနားတွင် Emmanuel Foundation မှ ဒါရိုက်တာ ဦးဒံယယ်လလင်းနှင့် i Love Myanmar အဖွဲ့ ဥက္ကဋ္ဌ ဒေါ်လီဗီဆပ်နိုင်ထန်းတို့က ရတနာအုတ်မြစ်ကို စီပေးစဉ်။

(သတင်းစဉ်)

မြင်းမူ၌ ဝမ်းပျက်ဝမ်းလျှောရောဂါကာကွယ်ရေး ကျန်းမာရေးအသိပညာပေးဆွေးနွေး

မြင်းမူ မေ ၂၆

မြင်းမူမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် မြို့နယ်ကျန်းမာရေး ဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် ဝမ်းပျက်ဝမ်းလျှောရောဂါ ကျန်းမာရေးအသိပညာပေး ဆွေးနွေးပွဲကို ဧပြီ ၄ရက် မွန်းလွဲ ၁နာရီက မြင်းမူမြို့နယ် ဝမ်ပြည့်ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ကျင်းပသည်။

ဆွေးနွေး

ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်သောင်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ် ဆရာဝန်ကြီးကိုယ်စား မြို့နယ်ကျန်းမာရေးမှူး ဦးဝင်းအောင်က ဝမ်းပျက်ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်ရေးနှင့် ပတ်သက်၍လည်းကောင်း၊ မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်မညိုက ဝမ်းပျက်ဝမ်းလျှောရောဂါ လက္ခဏာများနှင့် စောင့်ရှောက်မှုလုပ်ငန်းများကို လည်းကောင်း၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အတွင်းရေးမှူး ဒေါ်ခင်ပြည့်က ဝမ်းပျက်ဝမ်းလျှောရောဂါနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးကိုလည်းကောင်း အသီးသီး ဆွေးနွေးကြသည်။

(မြို့နယ် ပြန်/ဆက်)

ငါးရစ်ငါးသန် ဘေးမဲ့ချန် ပုံမှန်စားသုံး မျိုးမသုဉ်း

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအတွက် ရွှေပြားများ ပူဇော်လှူဒါန်းနိုင်ရန် အသိပေးနှိုးဆော်ခြင်း

ရဟန်းရှင်လူပြည်သူများ ဖူးမြော်ကြည်ညိုနိုင်ရန်အတွက် ဉာဏ်တော် ၃၂၅ ပေရှိ “ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး” အား နေပြည်တော်၌ တည်ထားပူဇော်လျက်ရှိပါသည်။

လှူဒါန်းနိုင်

စေတီတော်မြတ်ကြီးအတွက် ရွှေပြားများအား အောက်ပါအတိုင်း ပါဝင်လှူဒါန်းနိုင်ပါသည်-

(၁) ငှက်ပျောဖူးတော်တွင် ကပ်လှူရန်ရွှေပြား (၁ပေ× ၁ပေ)	၂၉၆၄ ချပ်	၁ ချပ်	ကျပ် ၁၆၂၀၀၀၀ နှုန်း
(၂) ကြာနှင့်ရွဲများတွင် ကပ်လှူရန် ရွှေပါးလွှာ (၁ပေ× ၁ပေ)	၄၂၀၈ ချပ်	၁ ချပ်	ကျပ် ၅၈၀၀၀၀ နှုန်း

ဆက်သွယ်နိုင်

ရွှေပြားနှင့် ရွှေပါးလွှာများ လှူဒါန်းလိုသူများသည် ဥပ္ပါတသန္တိစေတီတော် ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ အတွင်းရေးမှူး ဖုန်း - ၀၆၇-၄၁၄၂၀၅၊ ၄၁၄၂၀၂၊ ၄၁၄၂၀၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း အသိပေး နှိုးဆော်အပ်ပါသည်။

ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ

မှတ်သားဖွယ် မိုးရေချိန်

၂၆-၅-၂၀၀၉

မောင်တော	၆ ဒသမ ၄၉ လက်မ
ပလက်ဝ	၆ ဒသမ၀၆ လက်မ
ပုသိမ်	၃ ဒသမ ၃၈ လက်မ
မော်လိုက်	၁ ဒသမ ၆၉ လက်မ
ကလေး	၁ ဒသမ ၄၆ လက်မ

ဝင်းမင်းထွဋ်၏ ပယ်နယ်တီဂိုးဖြင့် ကမ္ဘောဇ F.C နိုင်ပွဲဆက်

သတင်းမြင်ကွင်း-ဖိုးသော်ဇင်　ဓာတ်ပုံမှတ်တမ်း-သိန်းဝင်းလေး(မြန်မာ့အလင်း)နှင့်ဖိုးသော်ဇင်　စာမျက်နှာဖွဲ့စည်းမှု - လှဲလှဲဝင်း(မြန်မာ့အလင်း)

ရန်ကုန် မေ ၂၆

MNL CUP Grand Royal 2009 ဘောလုံးပြိုင်ပွဲ ပွဲစဉ်(၇)ကို ယနေ့ ညနေ ၄ နာရီက အောင်ဆန်းကွင်း၌ ဆက်လက်ကျင်းပရာ ရှမ်းပြည်နယ် (တောင်ပိုင်း)ကိုယ်စားပြု ကမ္ဘောဇ F.C က မွန်၊ တနင်္သာရီ၊ ကရင် ကိုယ်စားပြု Southern Myanmar F.Cကို တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရရှိသွားပါတယ်။

အနိုင်ရရှိသွားသော ကမ္ဘောဇ F.C အသင်းအား ဆုယူအပြီးတွေ့ရစဉ်။ (မြန်မာ့အလင်း)

ကမ္ဘောဇ F.C -တစ်ဂိုး
Southern Myanmar F.C-ဂိုးမရှိ

ကမ္ဘောဇ F.C ကတော့ လူငယ်အများစုနဲ့ဖွဲ့စည်းထားတဲ့ Southern Myanmar F.C ကို ပယ်နယ်တီဂိုးနဲ့ အနိုင်ရရှိပြီး သုံးမှတ်အပြည့်ရရှိခဲ့ပါတယ်။ အခုပွဲ အနိုင်ရလဒ်ကြောင့် ကမ္ဘောဇအသင်းဟာ နှစ်ပွဲကစား နှစ်ပွဲနိုင်ပြီး ရာနှုန်းပြည့်အနိုင်နဲ့ အမှတ်ပေးဇယားကို ဦးဆောင်ခွင့်ရရှိသွားပါတယ်။ ဒါပေမယ့် ကမ္ဘောဇ F.C ဟာ အနိုင်မခံအရှုံးမပေး စိတ်ဓာတ်နဲ့ ကစားသွားတဲ့ Southern Myanmar F.C ရဲ့ ကစားပုံကြောင့် အနိုင်ရဖို့ ရုန်းကန်ခဲ့ရပြီး နောက်ကျအနိုင်ဂိုးကြောင့်သာ နှစ်ပွဲဆက်အနိုင်နဲ့ အမှတ်ပြည့်ရရှိခဲ့တာဖြစ်ပါတယ်။

မထိရောက်

Southern Myanmar F.C အသင်းကတော့ ရတနာပုံ F.C နဲ့ကစားခဲ့တဲ့ပုံစံအတိုင်းပဲ ခံစစ်အသားပေးပြီး Counter နဲ့ ဂိုးရဖို့ကြိုးစားခဲ့ပါတယ်။ တိုက်စစ်မှာ ဒဏ်ရာကသက်သာလာတဲ့ ဘီဂျိမ်းထွေး ပါဝင်လာပြီး ကွင်းလယ်ကဘောလုံးဖြန့်တဲ့သူနဲ့ တောင်ပံကစားသမားတွေရဲ့ဘောလုံးပေးပို့မှုအားနည်းချက်ကြောင့်သာ အခွင့်အရေး သိပ်မရခဲ့တာဖြစ်ပါတယ်။ ကမ္ဘောဇ F.C ကတော့ ဥဿာယူနိုက်တက်နဲ့ပွဲတုန်းကလိုပဲ ကွင်းလယ်နဲ့ တိုက်စစ်ချိတ်ဆက်ရာမှာ လိုအပ်ချက်တွေရှိနေဆဲဖြစ်ပြီး ကွင်းလယ်ကစားသမားတွေဖြစ်တဲ့ ခင်မောင်လွင်၊ ဝင်းမင်းထွဋ်၊ နေဇော်ထက်နဲ့ ဖြိုးမောင်မောင်ကျော်တို့က တိုက်စစ်အားသန်တဲ့ ကစားသမားတွေဖြစ်တာကြောင့် ဘောလုံးဖြန့်မယ့်သူပျောက်နေပြီး တိုက်စစ်ဟာထင်သလောက် မထိရောက်ခဲ့ပါဘူး။ Southern Myanmar F.Cရဲ့ ခံစစ်ကစားပုံကောင်းတာကြောင့်လည်း စိုးမြတ်မင်း ဦးဆောင်တဲ့ ကမ္ဘောဇတိုက်စစ်အခက်တွေ့ခဲ့ရပါတယ်။ ၃၉ မိနစ်မှာ ဖြိုးမောင်မောင်ကျော် အစားဝင်လာတဲ့ ထက်အောင် အပိုင်ကန်ခွင့်ရပေမယ့် နောက်ခံလူနဲ့ ထိထွက်ခဲ့လို့ ကမ္ဘောဇနစ်နာခဲ့ရပါတယ်။

ဒုတိယပိုင်းမှာတော့ ကမ္ဘောဇအသင်းဟာ ဂိုးရဖို့တိုက်စစ်အားမြှင့်ခဲ့သလို Southern Myanmar ခံစစ်ပိုင်းကလည်း အမှားအယွင်းမရှိ ထိန်းချုပ်နိုင်ခဲ့ပါတယ်။ ၄၈မိနစ်မှာ ဝင်းမင်းထွဋ်ရဲ့ အဝေးကကန်ချက်ဘားထိထွက်သွားတာကတော့ ကမ္ဘောဇကို ဂိုးရဖို့ ပိုမိုရုန်းကန်စေရပါတယ်။ အသင်းခေါင်းဆောင် စိုးမြတ်မင်းအစား စိုးမင်းဦးကိုထည့်ပြီး ကမ္ဘောဇအသင်းဟာ ဂိုးရဖို့ တိုက်စစ်ပိုင်း အပြောင်းအလဲလုပ်ခဲ့ပါတယ်။ ဒါပေမယ့် Southern Myanmar နောက်ခံလူတွေနဲ့ ဂိုးသမား ပြည့်ဖြိုးအောင် အစွမ်းပြဖျက်ထုတ်နိုင်ခဲ့၍ မိနစ် ၈၀ ကျော်အထိ ကမ္ဘောဇ ဂိုးမရခဲ့ပါဘူး။ ၈၃ မိနစ် ရောက်မှ စိုးမင်းဦးရဲ့ကန်ချက် Southern Myanmar နောက်ခံလူ ဇော်ခါးရဲ့ လက်နဲ့ထိသွားတာကြောင့် ကမ္ဘောဇတို့ပယ်နယ်တီ ကန်ခွင့်ရသွားပါတယ်။ အဲဒီပယ်နယ်တီကို ကွင်းလယ်လူဝင်းမင်းထွဋ်က အမှားအယွင်းမရှိ ကန်သွင်းခဲ့တာကြောင့် ကမ္ဘောဇတို့ တစ်လုံးတည်းသော အနိုင်ဂိုးရသွားတာ ဖြစ်ပါတယ်။ ပြိုင်ဘက်အသင်းတွေ နှစ်ပွဲဆက်နိုင်ပွဲမရပေမယ့် ကမ္ဘောဇအသင်းကတော့ နှစ်ပွဲဆက်အနိုင်ရပြီး အမှတ်ပေးဇယားကို ဦးဆောင်သွားပါတယ်။

ပွဲအပြီးမှာ အကောင်းဆုံးဆုရ Southern Myanmar ဂိုးသမား ပြည့်ဖြိုးအောင်ကို Grand Royal မှ ချီးမြှင့် ငွေကျပ် ငါးသိန်း၊ အနိုင်ရရှိသွားတဲ့ ကမ္ဘောဇအသင်းကို ကမ္ဘောဇဘဏ်လီမိတက်မှ ချီးမြှင့် ငွေကျပ် ၁၀သိန်းတို့ကို ပေးအပ်ချီးမြှင့်ခဲ့ပါတယ်။

ပါဝင်ကစား

ကမ္ဘောဇ F.C မှာ **ဂိုး**-ကျော်ဇင်ထက်၊ **နောက်တန်း**-ဟန်ဝင်းအောင်၊ မိုးဝင်း၊ အေးဆန်း၊ ဉာဏလွင်၊ **အလယ်တန်း**-နေဇော်ထက်၊ ဝင်းမင်းထွဋ်၊ ခင်မောင်လွင်၊ ဖြိုးမောင်မောင်ကျော် (ထက်အောင်)၊ **ရှေ့တန်း** - စထက်နိုင်ဝင်းနဲ့ စိုးမြတ်မင်း (စိုးမင်းဦး)တို့ ပါဝင်ကစားခဲ့ကြပြီး Southern Myanmar F.C တွင် **ဂိုး**-ပြည့်ဖြိုးအောင်၊ **နောက်တန်း**-ဟန်ထွန်း၊ နိုင်လင်းဦး၊ ရန်မျိုးအောင်၊ ဇေယျာမင်း၊ ဇော်ခါး၊ **အလယ်တန်း**-ဝေလင်း၊ ကိုကိုမောင်(စိုးမြတ်သူ)၊ စံမျိုးဦး၊ ဗညားဦး(အောင်ရဲထွဋ်)၊ **ရှေ့တန်း**-ဘီဂျိမ်းထွေး (သန့်ဇင်ဦး)တို့ ပါဝင်ကစားခဲ့ကြပါတယ်။

“ပြိုင်ပွဲပြီးဆုံးရင် အလယ်အလတ်အဆင့်ရမယ်လို့ ယုံကြည်ပါတယ်”

ဦးကျော်တင့်
Southern Myanmar
နည်းပြချုပ်။

“အကောင်းဆုံးပုံစံနဲ့ မကစားနိုင်သေးဘူး”

ဦးအေးမောင်ကြီး
ကမ္ဘောဇ F.C နည်းပြချုပ်။

Southern Myanmar F.C နည်းပြချုပ် ဦးကျော်တင့်က “ပြိုင်ဘက်အသင်းပေါ်မူတည်ပြီး လူအပြောင်းအလဲလုပ်ပြီး အခုပွဲကိုကစားခဲ့ပါတယ်။ ကျွန်တော်တို့အသင်းတိုက်စစ်ကို အကောင်းဆုံးကစားနိုင်ခဲ့ပေမယ့် Cross တွေမထိရောက်လို့ ဂိုးသွင်းခွင့်တွေ မရခဲ့တာပါ၊ ပယ်နယ်တီပေးတာနဲ့ပတ်သက်ပြီး ဒိုင်ရဲ့ဆုံးဖြတ်ချက်ကို ဘာမှမပြောလိုပါဘူး၊ ဒါပေမယ့် ဒိုင်တွေရဲ့ဆုံးဖြတ်ချက်ဟာ သိပ်မြန်နေလို့ အသင်းတွေအပေါ် ထိခိုက်မှုတွေရှိနေပါတယ်။ နှစ်ပွဲစလုံး ရှုံးထားပေမယ့် ပြိုင်ပွဲပြီးဆုံးရင် အလယ်အလတ်အဆင့် ရမယ်လို့ ယုံကြည်ပါတယ်”လို့ပြောကြားခဲ့ပါတယ်။

ကမ္ဘောဇနည်းပြချုပ် ဦးအေးမောင်ကြီးက “ကျွန်တော်တို့အသင်း အကောင်းဆုံးပုံစံနဲ့ မကစားနိုင်သေးပါဘူး၊ လိုအပ်ချက်တွေရှိနေပါတယ်။ တစ်ဖက်အသင်းက လူငယ်တွေရဲ့ ကစားအားနဲ့ ကစားသွားလို့ ကျွန်တော်တို့ထင်သလို မကစားနိုင်ခဲ့ပါဘူး၊ စိုးမြတ်မင်းကလည်း Injury ရှိနေလို့ ပုံမှန်ခြေစွမ်းမပြနိုင်ခဲ့တာပါ၊ နှစ်ပွဲဆက်အနိုင်နဲ့ အမှတ်ပေးဇယားကို ဦးဆောင်ထားပေမယ့် လာမယ့် ရတနာပုံ F.Cနဲ့ပွဲမှာ နိုင်ပွဲရဖို့ အသင်းကို သေချာပြင်ဆင်သွားမှာပါ”လို့ ပြောကြားခဲ့ပါတယ်။

၂၈-၅-၂၀၀၉
(အောင်ဆန်းကွင်း)
Delta United F.C
နှင့်
ဥဿာယူနိုက်တက်
(မြန်မာ့အလင်း)

ဂိုးသွင်းရန်ကြိုးစား

ကမ္ဘောဇ F.C မှ တိုက်စစ်မှူး စိုးမြတ်မင်း Southern Myanmar နောက်တန်း ကျော်ဖြတ်၍ ဂိုးသွင်းရန် ကြိုးစားစဉ်။
(မြန်မာ့အလင်း)

Southern Myanmar F.C အသင်း ပရိသတ်များ အသင်းအလံငယ်များ ဝှေ့ယမ်း၍ အားပေးခဲ့ကြစဉ်။
(မြန်မာ့အလင်း)

လှိုင်ကော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် သီရိမင်္ဂလာဈေးအတွင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ပြည်နယ်မီးသတ်တပ်ဖွဲ့တို့မှ မီးငြိမ်းသတ်ရေး ပူးပေါင်းသရုပ်ပြဆောင်ရွက်မှုကို ကယားပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဝင်းမြင့်၊ ကယားပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမင်းဟန်နှင့် တာဝန်ရှိသူများ စစ်ဆေးကြီးကြပ်ကြည့်ရှုစဉ်။ (မြို့နယ်မီးသတ်)

အုတ်တွင်းမြို့နယ်၌ စပါးသီးနှံစီမံကိန်း တာဝန်ပေးအပ်

အုတ်တွင်း မေ ၂၀

အုတ်တွင်းမြို့နယ် ၂၀၀၉ခုနှစ် စပါးသီးနှံစီမံကိန်းတာဝန်ပေးအပ်ပွဲနှင့် ကျေးလက်အိမ်ရာထူထောင်ရေး၊ သစ်တောစိုက်ခင်းထူထောင်ခြင်းလုပ်ငန်းတာဝန်ပေးအပ်ပွဲကို မေ ၁၅ရက် နံနက်ပိုင်းက အုတ်တွင်းမြို့ သီရိရတနာခန်းမတွင် ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်ဥက္ကဋ္ဌများ တက်ရောက်ကြသည်။

ရှင်းလင်းဆွေးနွေး

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးနိုင်ဝင်းဇော်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်အတွင်းရေးမှူး ဦးသိန်းအောင်က စီမံကိန်းရည်မှန်းချက်များကို ရှင်းလင်းဆွေးနွေးသည်။

ပေးအပ်

ထို့နောက် မြေစာရင်းဦးစီးမှူး၊ မြို့နယ်စိုက်ပျိုးရေးမန်နေဂျာတို့က ဌာနအလိုက်တင်ပြဆွေးနွေးကြပြီး မြို့နယ်သစ်တောဦးစီးအရာရှိဦးမောင်မောင်စိုးက ကျေးလက်အိမ်ရာထူထောင်ရေး၊ သစ်တောစိုက်ခင်းထူထောင်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးပြီး ရပ်ကွက်များသို့ စီမံကိန်းတာဝန်များပေးအပ်ကြောင်း သိရသည်။ **(အပေါ်ပုံ)** (၁၁၆)

မြို့နယ်သတင်းများ

ရပ်စောက်၌ လူတုပ်ကွေး ကြိုတင်ကာကွယ်ရေးနှင့် ကျန်းမာရေးအသိပညာပေးဟောပြော

ရပ်စောက် မေ ၁၈

ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကမ္ဘာ့လူတုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးနှင့် ကျန်းမာရေး အသိပညာပေးဟောပြောပွဲကို မေ ၁၃ရက် နံနက် ၁၁နာရီက ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး မြို့နယ်ဆရာဝန်ကြီး ဒေါက်တာစန်းလှိုင်က ရောဂါဖြစ်ပွားမှု လက္ခဏာနှင့် ကြိုတင်ကာကွယ်ရမည့် အချက်များကို အကျယ်တဝင့် ဟောပြောသည်။ **(ယာပုံ)**

တက်ရောက်

အဆိုပါ ဟောပြောပွဲသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြဝင်းနှင့် တာဝန်ရှိသူများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်နှင့် ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ လူမှုရေးအသင်းအဖွဲ့ဝင်စုစုပေါင်း၆၀ခန့် တက်ရောက်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မြင်းခြံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးလေးလွင် မြင်းခြံ-တလုပ်လမ်းပေါ်ရှိဂုဏ်ချောင်းတံတား အရှည် ၅၂ပေ၊ အကျယ် ၁၆ပေ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း ပြီးစီးမှုအခြေအနေကို ကွင်းဆင်းစစ်ဆေးရာ လက်ထောက်အင်ဂျင်နီယာ ဒေါ်မြင့်ဝင်းက ရှင်းလင်း တင်ပြစဉ်။ (မြို့နယ်စည်ပင်)

စီမံကိန်းရည်မှန်းချက် တာဝန်ပေးအပ်

ခင်ဦး မေ ၁၅

၂၀၀၉-၂၀၁၀ခုနှစ် မိုးစပါးစီမံကိန်း တာဝန်ပေးအပ်ပွဲကို ခင်ဦးမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ မေ ၅ ရက် မွန်းလွဲ ၁နာရီက ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးကျော်လွင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ ဦးတင်မြက စိုက်ပျိုးမှုနည်းစနစ်များကို သတ်မှတ်ကာလအတွင်း စိုက်ပျိုးရန်တို့ကို ရှင်းလင်းပြောကြားကာ မြို့နယ်ဥက္ကဋ္ဌ ဦးကျော်လွင်က စီမံကိန်းတာဝန်ပေးအပ်လွှာများကို မြင်းဒေါင်းစခန်း၊ ငွေးကုန်းစခန်း၊ ကျွန်းပင်စခန်းနှင့် မြို့မစခန်းတာဝန်ခံများအား ပေးအပ်သည်။ **(မြို့နယ် ပြန်/ဆက်)**

ဇီဝဘက်ထရီ နည်းပညာသရုပ်ပြပွဲနှင့် ထောက်ပံ့လှူဒါန်းပွဲ ကျောက်မဲ၌ကျင်းပ

ကျောက်မဲ မေ ၁၅

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင်နှင့် ကျောက်မဲမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူးကျင်းပသော ဇီဝဘက်ထရီနည်းပညာ သရုပ်ပြရှင်းလင်းပွဲနှင့် ဇီဝဘက်ထရီထောက်ပံ့လှူဒါန်းပွဲ အခမ်းအနားကို မေ ၁၀ရက် မွန်းလွဲ ၁နာရီက ကျောက်မဲမြို့ မြို့ကျက်သရေဆောင်ခန်းမ၌ ကျင်းပသည်။

ရှင်းလင်း

ရှေးဦးစွာ ခရိုင်ဥက္ကဋ္ဌဦးခင်မောင်လေးက အဖွင့်အမှာစကားပြောကြားပြီး အမှတ်(၁)စက်မှုဝန်ကြီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆင်ရေးဌာန၏ ဇီဝဘက်ထရီပြုလုပ်နည်းနည်းပညာရပ်များကို တာဝန်ရှိသူများက ရှမ်း၊ ဗမာ နှစ်ဘာသာဖြင့် သရုပ်ပြရှင်းလင်းတင်ပြကြရာ ကျေးရွာကိုယ်စားလှယ်များ၏သိလိုသမျှ ဆွေးနွေးမေးမြန်းမှုများကို တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ပြောကြားသည်။

ဆက်လက်ပြီး ခရိုင်ဥက္ကဋ္ဌ ဦးခင်မောင်လေးနှင့်မြို့နယ်ဥက္ကဋ္ဌဦးမျိုးလွင်တို့က ရှမ်း၊ ပလောင်၊ မုံးဝန်း၊ ကိုးကန့်ယဉ်ကျေးမှုအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့ပေါ်ကိုးရပ်ကွက်နှင့် ကျေးရွာ ၆၀ တို့မှ ကိုယ်စားလှယ်များသို့ ဇီဝဘက်ထရီ ၁၅၆လုံးကို ပေးအပ်လှူဒါန်းကြပြီး **(အောက်ပုံ)** နည်းပညာလက်ကမ်းစာစောင်များကို အခမဲ့ဖြန့်ဝေကြသည်။

စရိတ်သက်သာ

အဆိုပါ ဇီဝဘက်ထရီသည် နွားချေးအစိုနှင့်အိမ်သုံးဆား ဆတူရောစပ်၍ နှစ်သက်ရာဘူးခွံများထဲသို့ သံပတ်ဓာတ်ခဲအဟောင်းများအသုံးပြု၍ LED မီးလုံး ၂၀ဖြင့် အနည်းဆုံးခြောက်လတာကာလအထိ လျှပ်စစ်မီးအသုံးပြုနိုင်သဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် စရိတ်သက်သာကာ လက်လှမ်းမီ လွယ်ကူရိုးရှင်းသော နည်းပညာရပ်ဖြစ်ကြောင်း သိရသည်။ **(မြို့နယ်စာပေနှင့်စာနယ်ဇင်း)**

ကြံခင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှမြို့နယ်အတွင်းရေစီးရေလာ ကောင်းမွန်ရေးအတွက် သိပ္ပံလမ်းတစ်လျှောက်ရှိ ရေနုတ်မြောင်းများနှင့် ရေထွက် ခုံးပေါက်များအတွင်းရှိ အမှိုက်နှင့် မြေဆွေးများအား အဖွဲ့ဝန်ထမ်းများ ရှင်းလင်းတူးဖော်မှုကို အမှုဆောင်အရာရှိ ဦးအောင်သက်ရှည် ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

ရမည်းသင်း၌ ဆေးကုသဆောင်သစ်ဖွင့် ကျန်းမာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်

ရမည်းသင်း မေ ၁၅

ရမည်းသင်းမြို့နယ် ထီးလှိုင်ကျေးရွာ တိုက်နယ်ဆေးရုံ ကုသဆောင်သစ်ဖွင့်ပွဲနှင့် ကျန်းမာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲကို မေ ၇ရက် နံနက် ၈နာရီခွဲက အဆိုပါဆေးရုံ၌ ကျင်းပသည်။

မှာကြား

အခမ်းအနားတွင် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဦးကြီးမြင့်၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသန့်ဇင်၊ ထီးလှိုင်ရွာမိရွာဖ ဦးမောင်ဦးတို့က ဖဲကြိုးဖြတ်ပေးကြသည်။ ထို့နောက် ဒုတိယညွှန်ကြားရေးမှူးနှင့် အဖွဲ့သည် ဆေးရုံတွင်ကုသမှုခံယူလျက်ရှိသော လူနာများ၊ လူနာဆောင်များ၊ ဆေးသိုလှောင်ခန်း၊ ခွဲစိတ်ခန်းများအား ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

လွှဲပြောင်း

ဆက်လက်၍ ခရိုင်ဆေးရုံအုပ်ကြီး ဒေါ်စန်းစန်းတင်က ထီးလှိုင်တိုက်နယ်ဆေးရုံသမိုင်းကို ဖတ်ကြားသည်။ ခရိုင်ဆေးရုံအုပ်ကြီးက ဆေးကုသဆောင်သစ်ဆိုင်ရာ စာရွက်စာတမ်းများအား ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဦးကြီးမြင့်သို့ လွှဲပြောင်းပေးအပ်ပြီး ရပ်မိရပ်ဖ ဦးလှမျိုးက ကျေးဇူးတင်စကား ပြောကြားသည်။ ထို့နောက် ရမည်းသင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ဆေးပဒေသာပင်အတွက် အလှူငွေကျပ်နှစ်သိန်းကို မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ဦးစီးမှူး ဦးသန့်ဇင်နှင့် ထီးလှိုင်အုပ်စုမှ လှူဒါန်းငွေကျပ်ရှစ်သိန်းအား ရွာမိရွာဖ ဦးမောင်ဦးတို့က လှူဒါန်းရာ တိုင်းကျန်းမာရေးဦးစီးမှူး ဦးခင်မောင်ထွန်းက လက်ခံယူသည်။ **(ခရိုင် ပြန်/ဆက်)**

မြစ်သား၌ စာပေဟောပြောပွဲကျင်းပ

မြစ်သား မေ ၁၆

မန္တလေးတိုင်း ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ်တွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့တို့ ပူးပေါင်းကျင်းပသော ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ရေရှည်တည်တံ့ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ စာအုပ်စာစောင်လှူဒါန်းပွဲနှင့် စာပေဟောပြောပွဲကို မေ ၁၁ရက် ည ၇ နာရီက ထနောင်းကုန်းကျေးရွာ ထနောင်းရိပ်စာကြည့်တိုက်၌ ကျင်းပသည်။

ရှင်းလင်းပြောကြား

ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမင်းဆွေက အဖွင့်အမှာစကားပြောကြားပြီး စာပေဟောပြောပွဲကို ဆက်လက်ကျင်းပရာ မင်းရဲထွန်းမြင့်(မြစ်သား)က စာဖတ်ကြပါစို့ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မောင်ဉာဏ (သျှောင်ပင်သာ)က ကျွန်တော်ရေးခဲ့ဖူးတဲ့ ဝတ္ထုတစ်ပုဒ်ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ရွှေရည်ဦး(မြစ်သား)က လာခြင်းကောင်းတဲ့ ဝါသနာခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကျော့မြတ်ခိုင်က စာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် စာကြည့်တိုက်များ ဖွင့်လှစ်ရခြင်းကြောင့် ရရှိလာမည့်အကျိုးကျေးဇူးများအကြောင်းကို ရှင်းလင်းပြောကြားသည်။ **(မြို့နယ် ပြန်/ဆက်)**

ကျေးရွာပိုင် သစ်တောစိုက်ခင်းစိုက်ပျိုးရန် ကျောင်းကုန်း၌ တာဝန်ပေးအပ်ပွဲကျင်းပ

ကျောင်းကုန်း မေ ၂၂

ဧရာဝတီတိုင်း သစ်တောဦးစီးဌာနကကြီးမှူး၍ ၂၀၀၉-၂၀၁၀ခုနှစ် မိုးရာသီ၌ တစ်အိမ်ထောင်လျှင် ကျွန်းသုံးပင်စိုက်ပျိုးရန်နှင့် ကျေးရွာပိုင်သစ်တောစိုက်ခင်း တစ်ဧကစိုက်ပျိုးရန် တာဝန်ပေးအပ်ပွဲကို မေ ၁၅ရက် မွန်းလွဲ ၂နာရီက ဧရာဝတီတိုင်း ကျောင်းကုန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမျိုးကျော်ကျော်က အမှာစကားပြောကြားသည်။

ရည်ရွယ်ချက်ရှင်း

ဆက်လက်၍ ရေကြည်၊ ကျောင်းကုန်း၊ ကျုံပျော်မြို့နယ် သစ်တောဦးစီးအရာရှိ ဦးစိုးလှိုင်က တစ်အိမ်ထောင်လျှင် ကျွန်းသုံးပင်နှင့် တစ်ရွာတစ်ဧက ကျေးရွာပိုင်သစ်တောစိုက်ခင်း စိုက်ပျိုးရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ပေးအပ်

ထို့နောက် ရပ်ကွက်၊ ကျေးရွာသုံးအုပ်စုမှ ရပ်ကွက်၊ ကျေးရွာဥက္ကဋ္ဌများအား မြို့နယ်ဥက္ကဋ္ဌ ဦးမျိုးကျော်ကျော်၊ အတွင်းရေးမှူး ဦးအောင်ဝင်း၊ ရေကြည်၊ ကျောင်းကုန်း၊ ကျုံပျော်မြို့နယ် သစ်တောဦးစီးအရာရှိ ဦးစိုးလှိုင်တို့က တာဝန်ပေးအပ်လွှာများ အသီးသီးပေးအပ်ကြသည်။ **(ယာပုံ)**

၂၀၀၉-၂၀၁၀ခုနှစ်တွင် ရပ်ကွက်၊ ကျေးရွာ ၆၈အုပ်စုရှိသည့်အနက် ရပ်ကွက်၊ ကျေးရွာ ၁၈အုပ်စုရှိ အိမ်ထောင်စု ၇၅၀၀မှ ကျွန်းပင် ၂၂၅၀၀နှင့် ကျေးရွာပိုင်သစ်တောစိုက်ခင်းနှစ်ဧက၌ သစ်မာယူကလစ်ပင် ၆၀၀အပါအဝင် စုစုပေါင်းပျိုးပင် ၃၆၁၀၀ စိုက်ပျိုးသွားမည်ဖြစ်ရာ အဆိုပါ စိုက်ပျိုးရာတွင် စနစ်တကျနည်းပညာပေး ကူညီနိုင်ရေးအတွက် ဧရာဝတီတိုင်း သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးနှင့် ပုသိမ်ခရိုင် လက်ထောက်ညွှန်ကြားရေးမှူးတို့က မိုးရာသီအမီစိုက်ပျိုးရန် ကြိုးကြပ်လျက်ရှိကြောင်း သိရသည်။ **(၁၅၄)**

မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း နှစ်ပတ်လည်အခမ်းအနား မြစ်ကြီးနား၌ကျင်းပ

မြစ်ကြီးနား မေ ၂၀

ကချင်ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ (၁၉)ကြိမ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားကို မေ ၁၁ရက် နံနက် ၉နာရီက ကချင်ပြည်နယ် မြစ်ကြီးနားမြို့ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ရှေးဦးစွာ သဘာပတိ ကချင်ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွယ်က အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ ကချင်ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့၏ ၂၀၀၈ခုနှစ် ရသုံးငွေစာရင်းကို ဘဏ္ဍာရေးမှူး ဒေါ်သစ်သစ်အောင်က ဖတ်ကြားရှင်းလင်းပြီး အစီရင်ခံစာများ၏ အားသာချက်၊ အားနည်းချက်များကို တွဲဖက်အတွင်းရေးမှူး ဒေါ်ခင်မာမြင့်က ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် တွဲဖက်အတွင်းရေးမှူး ဒေါ်ခင်မာမြင့်က မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ (၁၉)ကြိမ်မြောက် နှစ်ပတ်လည်နေ့ အစည်းအဝေးမှ ချမှတ်ခဲ့သည့် ဆုံးဖြတ်ချက်များနှင့် ရှေ့လုပ်ငန်းစဉ်များကို ဖတ်ကြားသည်။

ထို့နောက် အခမ်းအနားဒုတိယပိုင်းအစီအစဉ်အဖြစ် မြို့နယ်အသင်းများမှ ရာသက်ပန်အသင်းဝင် အဆိုပြုလွှာများ ပေးအပ်ခြင်း၊ မြို့နယ်အသင်းများကို ထောက်ပံ့ငွေပေးအပ်ခြင်းနှင့် ၂၀၀၈ခုနှစ်အတွင်း လှုပ်ရှားမှုထူးချွန်ဆုများ ချီးမြှင့်ပြီး သဘာပတိ ကချင်ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌက အမှာစကားပြောကြားသည်။ **(၀၀၃)**

ရှင်းလင်းတင်ပြ

မေ ၂ရက်က လှိုင်လင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် မြို့ဝင်ဆိုင်းဘုတ် သွပ်ဆူးကြိုးကာရံခြင်းလုပ်ငန်း ဆောင်ရွက်မည့် အခြေအနေနှင့် မြေယာရှုခင်းအလှဆောင်ရွက်မည့်အစီအစဉ်ကို အမှုဆောင်အရာရှိ ဦးဂျော့(ချ်)မျိုးမြင့် ကွင်းဆင်းစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးမောင်မောင်ကျော် ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ကျိုက်ထိုမြို့နယ် ကမ်းနီကျေးရွာအုပ်စု သုတဥယျာဉ် စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို မေ ၁၀ရက်ကကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်အောင်ဝင်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်ခင်စောလင်းနှင့် ကျေးရွာအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးခင်မောင်ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

ကောက်စိုက်စက်ဖြင့် စပါးစိုက်ပျိုးရေး လက်တွေ့သရုပ်ပြ

မြစ်သား မေ ၂၀

မန္တလေးတိုင်း ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ်၌ ကောက်စိုက်စက်ဖြင့် စပါးစိုက်ပျိုးရေး လက်တွေ့သရုပ်ပြပွဲကို မြစ်သားမြို့နယ် ရွာသစ်ကျေးရွာအုပ်စု မန္တလေး-မြင်းခြံလမ်းဘေးရှိ တောင်သူ ဒေါ်မြသန်း၏ ကွင်းအမှတ် ၄၅၀ ဦးပိုင်အမှတ် ၃၇/၄ စိုက်ဧရိယာ တစ်ဧကတွင် ဆင်းနွယ်ရင် စပါးမျိုး (GBS Venusic) ကောက်စိုက်စက်ဖြင့် ကောက်စိုက်သရုပ်ပြပွဲကို မေ ၆ရက် နံနက် ၈ နာရီက ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးမင်းဆွေက ကောက်စိုက် စက်ဖြင့် စိုက်ပျိုးပါက ရရှိလာမည့် အကျိုးကျေးဇူးများနှင့်အသုံးပြုပုံ၊ အသုံးပြုနည်းများကို ရှင်းလင်း ပြောကြားသည်။ ထို့နောက် တက်ရောက်လာသည့် ကျေးရွာအုပ်စု ဥက္ကဋ္ဌများနှင့် တောင်သူလယ်သမားများအား စပါးပျိုးထောင်မှုစနစ်နှင့် ဓာတ်ကြောင့် ... သုံးစွဲနည်းစနစ်များကို ရှင်းလင်းသည်။ (မြို့နယ် ပြန်/ဆက်)

ဧရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူး ဒေါ်နော်ကေသီပိုးနှင့်အဖွဲ့ ငပုတောမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ပျိုးဥယျာဉ်အတွင်း၌ အရိပ်ရပင်များ၊ ပန်းအလှပင်များ ပျိုးထောင်ထားရှိမှုကို မေ ၆ရက်က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိဦးတိုးမြင့်အောင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဇော်အေးထွေးတို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ပျော်ဘွယ်၌ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)ဖွင့်

ပျော်ဘွယ် မေ ၁၅

ပျော်ဘွယ်မြို့နယ် ထန်းပင်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)ဖွင့်ပွဲနှင့် မြလေးကျောင်းဆောင်သစ်ကို ပညာရေးဝန်ကြီးဌာန အမှတ်(၂) အခြေခံပညာဦးစီးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ဧပြီ ၆ရက် နံနက် ၉နာရီက အဆိုပါကျောင်းဆောင်သစ်ရှေ့၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းပညာရေးမှူးနှင့် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌတို့က အမှာစကားပြောကြားပြီး ကျောင်းဆောင်သစ် ဖွင့်ပွဲအထိမ်းအမှတ်အလံကို ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်မင်းက ပေးအပ်ကာ ကျောင်းဆောင်သစ်ကို တိုင်းပညာရေးမှူး ဦးအောင်ကြွယ်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစန်းဌွေးတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

အဆိုပါကျောင်းဆောင်သစ်မှာ နှစ်ထပ်ဆောင် အဆောက်အအုံဖြစ်ပြီး (၁၂၀×၃၀×၁၈)ပေ ကျယ်ဝန်း၍ ရေလောင်းအိမ်သာ ၁၂လုံးနှင့် Media Room ပါဝင်၍ ပညာရေးဝန်ကြီးဌာနမှ ငွေကျပ် သိန်း ၅၀နှင့် အလှူရှင်များနှင့် ကျေးရွာပြည်သူများမှ လှူဒါန်းငွေကျပ် ၆၅၄၅၀၀၀၀ စုစုပေါင်းတန်ဖိုး ငွေကျပ် ၇၀၄၅၀၀၀၀သိန်းဖြင့် အကုန်အကျခံဆောက်လုပ်ခဲ့ခြင်း ဖြစ်ကြောင်းသိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ရွှေဘိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီးအတွင်း ကုန်ပစ္စည်းများ စနစ်တကျတည်ခင်းရောင်းချနေမှု၊ ဈေးအတွင်းသန့်ရှင်းရေးဆောင်ရွက်ထားရှိမှုနှင့် မီးဘေးကြိုတင်ကာကွယ်ရေးပစ္စည်းများ စုစည်းထားရှိမှုတို့ကို အမှုဆောင်အရာရှိ(ဒုတိယညွှန်ကြားရေးမှူး) ဦးနီထွန်း၊ ဦးစီးအရာရှိ ဒေါ်မြင့်မြင့်သန်းနှင့် ဈေးဌာနစိတ်ဝန်ထမ်းများက ကွင်းဆင်းစိစစ်ကြပ်မတ်စဉ်။ (မြို့နယ်စည်ပင်)

မိတ္ထီလာဒေသကောလိပ် ပထမအကြိမ် မြတ်ဆရာပူဇော်

မိတ္ထီလာ မေ ၁၈

မိတ္ထီလာဒေသကောလိပ် ပထမအကြိမ် မြတ်ဆရာပူဇော်ပွဲကို မေ ၂ရက်က သာသနာ့ဗိမာန်တွင်ကျင်းပရာ အခမ်းအနားတွင် ကြွရောက်လာသော ဆရာ ဆရာမကြီးများ၏ ဂုဏ်ကျေးဇူးကိုရည်မျှော်၍ ရတုပိုဒ်စုံဖြင့် ရွတ်ဆိုပူဇော်ကြသည်။ ထို့နောက် မြတ်ဆရာသီချင်းဖြင့် ပူဇော်ကြပြီး ဒေါက်တာဝင်းမောင်(ပျော်ဘွယ်)က ကန်တော့ချီးတိုင်ပေးကာ တပည့်ကျောင်းသား ကျောင်းသူများက ရှိခိုးကန်တော့ကြသည်။

ကန်တော့

အပူဇော်ခံ ဆရာ ဆရာမကြီးများကိုယ်စား ဆရာကြီး ဦးလူနီ၊ ဆရာကြီး ဦးထွန်းလှိုင်နှင့် ဆရာကြီးဦးခင်မောင်ဦးတို့က ဩဝါဒစကားများ ချီးမြှင့်ပြောကြားပေးသည်။ ထို့နောက် အပူဇော်ခံ ဆရာကြီးဦးမြသိန်းထွန်းက ဆုတောင်းမေတ္တာစကား ပြန်လည်ပြောကြားပြီး ဆက်လက်၍ တပည့်ဟောင်းများက အသက် ၆၀ကျော် ဆရာ ဆရာမကြီးများအား ကန်တော့ငွေကျပ် တစ်သိန်းခွဲနှင့် လက်ရှိတာဝန်ထမ်းဆောင်နေသော ဆရာ ဆရာမများအား ငွေကျပ် တစ်သိန်းစီ ကန်တော့ကြသည်။

ရုပ်သိမ်း

ထို့နောက် အတွင်းရေးမှူး ဦးခင်မောင်ဆွေက ပူဇော်ပွဲဖြစ်မြောက်ရေးအတွက် ဝိုင်းဝန်းဆောင်ရွက်ကြသော ကော်မတီဝင်များအား ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(၀၈၆)**

ပုသိမ်၌ တစ်အိမ်ထောင် ကျွန်းသုံးပင်စိုက်ပျိုးရန် တာဝန်ပေးအပ်

ပုသိမ် မေ ၂၀

သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာနမှ ကျေးလက်အိမ်ရာ ထူထောင်ရေးအတွက် ဧရာဝတီတိုင်း သစ်တောဦးစီးဌာနက ကြီးမှူး၍ ပုသိမ်ခရိုင် ပုသိမ်မြို့နယ်တွင် ၂၀၀၉ခုနှစ် မိုးရာသီ တစ်အိမ်ထောင်လျှင် ကျွန်းသုံးပင်နှင့် တစ်ရွာတစ်ဧက ကျေးရွာပိုင်သစ်တောစိုက်ခင်း စိုက်ပျိုးရန် တာဝန်ပေးအပ်ပွဲ အခမ်းအနားကို မေ ၁၅ရက်က ပုသိမ်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးပါစည် တက်ရောက်အမှာစကားပြောကြားပြီး ပုသိမ်ခရိုင် လက်ထောက်ညွှန်ကြားရေးမှူး ဦးဆန်းအောင်က တစ်အိမ်ထောင်လျှင် ကျွန်းသုံးပင် တစ်ရွာတစ်ဧက ကျေးရွာပိုင်သစ်တောစိုက်ခင်း စိုက်ပျိုးခြင်း ရည်ရွယ်ချက်များ ရှင်းလင်းပြောကြားသည်။

ထို့နောက် ပုသိမ်ခရိုင် လက်ထောက်ညွှန်ကြားရေးမှူး ဦးဆန်းအောင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌတို့က ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများအား သစ်ပင်စိုက်ပျိုး တာဝန်ပေးအပ်လွှာများ ပေးအပ်ရာ **(ယာပုံ)** ပုသိမ်မြို့နယ်တွင် ကျေးရွာအုပ်စုပေါင်း ၁၀စု၊ အိမ်ထောင်စုပေါင်း ၉၀၀၀စုမှ ကျွန်းပင်၂၇၀၀၀နှင့် ကျေးရွာပိုင် သစ်တောစိုက်ခင်း၁၀ဧကအတွက် သစ်မာယူကလစ်ပင်၃၀၀၀အပါအဝင် ကျွန်း၊ ပျဉ်းကတိုး၊ မဟော်ဂနီ၊ ယူကလစ်၊ မန်ကျည်း၊ ပျဉ်းမ၊ ငုရွှေဝါ၊ စိန်ပန်း စုစုပေါင်း အပင် ၈၇၀၀၀ စိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ကျေးလက်ဒေသ အိမ်ရာထူထောင်ရေးအတွက် သစ်မာပင်စိုက်ပျိုးရေး ဘားအံ၌ လက်တွေ့သရုပ်ပြ

ဘားအံ မေ ၂၂

ကရင်ပြည်နယ် ဘားအံခရိုင် ဘားအံမြို့နယ် ရဲသာကျေးရွာအုပ်စု ကမော့ကစင်ကျေးရွာတွင် ကျေးလက်အိမ်ရာ တည်ထောင်ရေးအတွက် တစ်အိမ်ထောင် ကျွန်းသုံးပင်၊ သစ်မာပင်၂၀ စိုက်ပျိုးရေး ကွင်းဆင်းသရုပ်ပြ ပညာပေးရေး အခမ်းအနားကို မေ၂၀ရက် နံနက်၇နာရီက အဆိုပါကျေးရွာ၌ ကျင်းပသည်။

သရုပ်ပြ ရှင်းလင်း

အခမ်းအနားသို့ ဘားအံမြို့နယ် သစ်တောဦးစီးဌာနမှ နယ်မြေတာဝန်ခံ တောအုပ်ကြီး ဦးမောင်မောင်ခင်နှင့် သစ်တောဝန်ထမ်းများ၊ ရဲသာကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစောအောင်မြတင်နှင့် အဖွဲ့ဝင်များ၊ ကျေးရွာမှ ဒေသခံပြည်သူများ တက်ရောက်ကြပြီး သစ်တောဝန်ထမ်းများမှ သစ်ပင်စိုက်ပျိုးပြုစုထိန်းသိမ်းရေး လုပ်ငန်းကို လက်တွေ့သရုပ်ပြ ရှင်းလင်းကြသည်။ **(အပေါ်ပုံ)** **(ခရိုင် ပြန်/ဆက်)**

မြို့နယ် သတင်းများ

ကမ္ဘာ့လူတုပ်ကွေးရောဂါအကြောင်း ဟောပြောပွဲ ပေါင်မြို့နယ်တွင်ကျင်းပ

ပေါင် မေ ၁၆

ကမ္ဘာ့လူတုပ်ကွေးရောဂါ ကာကွယ်တားဆီးရေးလုပ်ငန်း ကြိုတင်အသိပေး ဆွေးနွေးပွဲကို မေ ၉ရက် နံနက်၁၁နာရီက မွန်ပြည်နယ် ပေါင်မြို့နယ် မိုးနှိုင်းရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပေါင်မြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ကိုယ်စား ဒေါက်တာလင်းလင်းစန်းက တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေးလုပ်ငန်းဆိုင်ရာ အသိပေးရှင်းလင်း ပြောကြားပြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးလှဝင်းက မွေးမြူရေးလုပ်ငန်းရှင်များအား ဇီဝလုံခြုံရေးနှင့်ပတ်သက်၍လုပ်ငန်းဆိုင်ရာများကို ဆွေးနွေးဟောပြောသည်။ **(မြို့နယ် ပြန်/ဆက်)**

ကွင်းဆင်းကြည့်ရှု

ဖြူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ဘဏ္ဍာရေးနှစ် ကျေးလက်လမ်းငွေလုံးလုပ်ငန်းဖြစ်သော ရေပြာ-သနပ်ကွင်း ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်မှုအခြေအနေကို မေ ၁၄ရက်က ပဲခူးတိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးခင်မောင်ချို ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ လက်ထောက်အင်ဂျင်နီယာ ဦးထက်အောင်ခန့်က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ကျေးလက်အိမ်ရာ တည်ဆောက်ရေးလုပ်ငန်းများ ရှင်းလင်းပွဲနှင့် တာဝန်ပေးအပ်ပွဲ ဇီးကုန်း၌ ကျင်းပ

ဇီးကုန်း မေ ၂၂

ပဲခူးတိုင်း(အနောက်ပိုင်း) သာယာဝတီခရိုင် ဇီးကုန်းမြို့နယ်တွင် ကျေးလက်အိမ်ရာတည်ထောင်ရေးအတွက် တစ်အိမ်ထောင်ကျွန်းသုံးပင်၊ သစ်မာပင်၂၀၊ တစ်ရွာတစ်ဧက သစ်ပင်များစိုက်ပျိုးမည့် လုပ်ငန်းအစီအစဉ်များ ရှင်းလင်းပွဲနှင့် တာဝန်ပေးအပ်ပွဲအခမ်းအနားကို မေ ၁၄ရက် နံနက်၁၁နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

ရှင်းလင်းဆွေးနွေး

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးညွန့်စိုးက အဖွင့်အမှာစကားပြောကြားပြီး သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးမောင်မောင်စိုး-၂က သစ်ပင်စိုက်ပျိုးရေးအတွက် ဆောင်ရွက်မည့်လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းဆွေးနွေးသည်။

ဇီးကုန်းမြို့နယ်၏ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း ကျေးရွာအုပ်စု၂၄ အုပ်စုနှင့် ကျေးရွာပေါင်း ၇၂ရွာတွင် သစ်မာပျိုးပင် ၁၂၀၀၀၀နှင့် ကျွန်းပျိုးပင် ၃၀၀၀၀ စုစုပေါင်း ၁၅၀၀၀၀ကို မိုးရာသီတွင် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ကျောက်များစုဆောင်း

မေ၁၇ရက်က ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ခမ်းမြို့နယ် အမှတ်(၄)ရပ်ကွက်ရှိ ဆင်းဝါးနောင်လမ်း ကွန်ကရစ်အုတ်ခုံခံ သံကူကွန်ကရစ်တံတား အမှတ်(၁)နှင့် အမှတ်(၂)တည်ဆောက်နေခြင်းနှင့် အလျားပေ ၃၂၀၀၊ အကျယ်၁၂ဒသမ၇ပေရှိ ဆရာစံလမ်းအား ကျောက်ချောလမ်းခင်းရန် ကျောက်များစုဆောင်းထားခြင်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးစောမြင့်ထွန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဝင်းဦးတို့ ကြပ်မတ်ဆောင်ရွက်စဉ်။ (၁၂၃)

လူကိုကူးစက်တတ်သော ရောဂါများအကြောင်း မိုးမိတ်တွင် အသိပညာပေးဟောပြော

မိုးမိတ် မေ ၁၅

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် မိုးမိတ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် မြို့နယ် မွေး/ကုဦးစီးဌာနတို့ ကြီးမှူး၍ မေ၅ရက်က မြောက်ပိုင်းရပ်ကွက် ရွှေတောင်ဦးဓမ္မာရုံ၌ တိရစ္ဆာန်များမှ လူကိုကူးစက်တတ်သော ရောဂါများအကြောင်း အသိပညာပေး ဟောပြောပွဲကို ကျင်းပသည်။

အသိပညာပေး

ဟောပြောပွဲတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးရဲလင်းအောင်က အဖွင့်အမှာစကားပြောကြားပြီး ကျောက်မဲခရိုင်မွေး/ကုဦးစီးဌာနမှ ဒေါက်တာခင်မောင်ဝင်း၊ မန္တလေးခရိုင် မွေး/ကုဦးစီးဌာနမှ အထူးအဖွဲ့ခေါင်းဆောင် ဒေါက်တာ ခင်မောင်သန်း၊ မိုးမိတ်မြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ မောင်တတို့က တိရစ္ဆာန်များမှတစ်ဆင့် လူကို ကူးစက်တတ်သော ရောဂါများအကြောင်း အသိပညာပေး ဟောပြောကြသည်။

(မြို့နယ် ပြန်/ဆက်)

(၆၃)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ မီးသတ်ဦးစီးဌာန မီးသတ်တပ်ဖွဲ့ဝင်၁၅၀က မေ၁၅ရက်တွင် တောင်ကြီးမြို့ စဝ်စံထွန်း ပြည်သူ့ဆေးရုံကြီး၌ စုပေါင်းသွေးလှူဒါန်းကြစဉ်။

(ခရိုင် ပြန်/ဆက်)

မှုခင်း သတင်း: လင်မယားရန်ဖြစ်ရာ ကြားဝင်ဖျန်ဖြေသူ သေဆုံး

မိတ္ထီလာ မေ ၂၅

မိတ္ထီလာခရိုင် သာစည်မြို့နယ် ယင်းမာပင်ရဲစခန်းအပိုင် ယင်းမာပင် မြို့မရပ်ကွက်တွင် မေ၄ရက် ည၁နာရီက ဘီးကုန်းရပ်နေထိုင်သူ ကျော်ဝင်းသည် အရက်သေစာများသောက်စားမူးယစ်ကာ ဇနီးဖြစ်သူ မတောအား ဆူပူကြိမ်းမောင်းခဲ့သည်။ ထိုစဉ် တစ်ဝိုင်းတည်းနေ မခင်သီတာဝင်းမှ ဝင်ရောက်ဖျန်ဖြေရာ ကျော်ဝင်းက ဝင်ရောက်ဖျန်ဖြေသူ မခင်သီတာဝင်းအား ဓားမဖြင့်ခုတ်ရာ မခင်သီတာဝင်းမှာ ဝဲဘက်လည်ပင်းပြတ်ရှဒဏ်ရာတစ်ချက်ရရှိကာ နေရာတွင်ပင် ပွဲချင်းပြီး သေဆုံးသွားခဲ့သည်။

တရားခံကျော်ဝင်းအား အရေးယူပေးရန် မခင်သီတာဝင်း၏ ဖခင်ဦးမောင်မောင်က တရားလိုပြုလုပ်၍ ယင်းမာပင်ရဲစခန်းတွင် အမှုဖွင့်တိုင်ကြားရာ ရဲစခန်း(ပ) ၃၂/၂၀၀၉ ပုဒ်မ၃၀၂ဖြင့် တရားခံကျော်ဝင်းအား ယင်းမာပင်ရဲစခန်းမှ အရေးယူထားကြောင်း သိရသည်။

(၀၈၆)

နိုင်ငံတော်အား နောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့် ဥပဒေပုဒ်မ ၁၀(က)နှင့် ပုဒ်မ ၁၀(ခ)တို့နှင့်ပတ်သက်၍ ရှင်းလင်းပွဲကျင်းပ

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ နိုင်ငံတော်အား နောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့် ဥပဒေပုဒ်မ ၁၀(က)နှင့် ပုဒ်မ ၁၀(ခ)တို့နှင့်ပတ်သက်၍ ရှင်းလင်းပွဲတွင် ပဏာမရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

ရန်ကုန် မေ ၂၆

နိုင်ငံတော်အား နောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့် ဥပဒေပုဒ်မ ၁၀(က)နှင့် ပုဒ်မ ၁၀(ခ)တို့နှင့်ပတ်သက်၍ ရှင်းလင်းပွဲကို ယနေ့နံနက် ၈ နာရီ ၂၅ မိနစ်တွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ်ရှိ အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တက်ရောက်

ရှင်းလင်းပွဲသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ၊ ဒုတိယရှေ့နေချုပ် ဦးမြင့်နိုင်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ သတင်းတပ်ဖွဲ့ တပ်ဖွဲ့မှူး ရဲမှူးချုပ်မြင့်သိန်း၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ သံတမန်များနှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်ရုံးမှ ခေတ္တဌာနေကိုယ်စားလှယ်တို့ စုစုပေါင်း ၄၅ ဦး၊ မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်းမှ အသင်းဝင်သတင်းထောက် ၁၅ ဦး၊ ပြည်တွင်း ဂျာနယ်/မဂ္ဂဇင်းများမှ စာတည်းအဖွဲ့ဝင် ၁၀ ဦး၊ ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ်များမှ ကိုယ်စားလှယ် ၂၀ နှင့် ဒေါ်အောင်ဆန်းစုကြည်အတွက် လိုက်ပါဆောင်ရွက်နေသည့် တရားရုံးချုပ်ရှေ့နေ ဦးလှမျိုးမြင့်တို့ အပါအဝင် စုစုပေါင်း ၉၁ ဦးတို့ တက်ရောက်ကြသည်။

စာမျက်နှာ ၆ ကော်လံ ၁ ✻

လယ်ယာမြေဧက ၁၂၀၀ အတွက် ဆည်ရေပေးဝေလျက်ရှိသည့်

နေပြည်တော်လယ်ဝေးက သဲဖြူရေလှောင်တမံ

လယ်ယာမြေဧက ၁၂၀၀ အတွက် နွေရောမိုးပါ ဆည်ရေ အလုံအလောက်ပေးနေသည့် သဲဖြူရေလှောင်တမံ၏ ရေပေးမြောင်းကို ဤသို့ တွေ့ရသည်။ (မြန်မာ့အလင်း)

ရန်ကုန် မေ ၂၆

မေ ၁၉ ရက်····မိုးရာသီအစပျိုးကာလ။ ကောင်းကင်တစ်ခွင်လုံး မိုးသားတိမ်တိုက်များဖြင့် ပြည့်နှက်နေသည်။ ကောင်းကင်တွင် တိမ်တိုက်များ ရွေ့လျားနေသဖြင့် နေရောင်ခြည်ခပ်ဖျော့ဖျော့က ပေါ်လိုက်မြုပ်လိုက်ဖြစ်နေသည်။ မြန်မာ့အလင်းသတင်းအဖွဲ့သည် နေပြည်တော်ခရိုင် နေပြည်တော် လယ်ဝေးရှိ မဒန်းရေလှောင်တမံဖွင့်ပွဲအကြို သတင်းဆောင်းပါးရေးသားရန် သွားရောက်နေကြခြင်းဖြစ်သည်။

တသွင်သွင်စီးနေ

အမြန်ကားလမ်းမကြီးမှ နေပြည်တော်လယ်ဝေး အနောက်ဘက်သို့ တစ်မိုင်ခန့်ဝင်ရောက်မိသည့် လမ်းခုလတ်တွင်ပင် အကျယ် ခြောက်ပေခန့် ရှိမည့် ရေသွယ်မြောင်းမှ တသွင်သွင်စီးကျနေသည့် ကြည်လင်ပြာလဲ့နေသော ရေများကို တွေ့လိုက်ရသည်။

လွှဲပြောင်းခဲ့

ကားပေါ်တွင် အတူလိုက်ပါလာသူ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၅)မှ ဦးစီးအရာရှိ ဦးသာယာက "သဲဖြူရေလှောင်တမံ"မှ ပို့လွှတ်ပေးနေသော ဆည်ရေများဖြစ်ကြောင်း ပြောကြားသည်။ ဖြောင့်ဖြူးတန်းမတ်နေသော ရေမြောင်းပေါင် မြေသားကားလမ်းအတိုင်း ၁၀ မိနစ်မျှ ကားမောင်းသွားရာ ရှည်လျားမြင့်မားသည့် ဆည်တမံပေါင်ကြီးကို ဘွားခနဲ တွေ့လိုက်ရသည်။ ဦးသာယာကပင် "ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၅)မှ တည်ဆောက်သည့် သဲဖြူရေလှောင်တမံဖြစ်ကြောင်း၊ ၂၀၀၄ ခုနှစ် ဩဂုတ် ၃၀ ရက်က ဖွင့်လှစ်ပေးခဲ့ပြီး ၂၀၀၅ ခုနှစ် မတ် ၃၁ ရက်မှာ ဆည်ရေသောက်စနစ်တစ်ခုလုံးပြီးစီးအောင် ဆောင်ရွက်နိုင်ခဲ့ကာ ၂၀၀၇ ခုနှစ်၌ ထိန်းသိမ်းရေးဌာနသို့ လွှဲပြောင်းပေးအပ်ခဲ့ပြီးဖြစ်ကြောင်း" ရှင်းပြခဲ့သည်။

ဆည်ရေဖွေးဖွေး

ရေလှောင်တမံ၏ တာပေါင်ကြီးတစ်လျှောက် ကားမောင်းသွားရာ သဲဖြူရေလှောင်တမံအတွင်း သိုလှောင်ထားသည့် ကြည်လင်ပြာလဲ့သော ဆည်ရေဖွေးဖွေးရေပြင်ကျယ်ကြီးနှင့် ရေထိန်းမျှော်စင်တို့ကို စိမ်းမြမြမြက်ခင်းပြင်အောက်ခြေနှင့်

စာမျက်နှာ ၁၁ ကော်လံ ၁ ●

သတင်းမြင်ကွင်းနှင့် ဓာတ်ပုံမှတ်တမ်း
အောင်သန်း (မင်္ဂလာတောင်ညွန့်)

စာမျက်နှာဖွဲ့စည်းမှု
ဟန်စိုး (မြန်မာ့အလင်း)